http://www.cherrythitsar.org

ရွှေသိန်းစာပေ

# ခေတ်ပြိုင်အိုင်ကျူ




မောင်ရေအေး (ဟားဗတ်တက္ကသိုလ်)

Tmm

## ဒို့အဓိကအရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်"

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

http://www.cherrythitsar.org

# ခေတ်ပြိုင် အိုင်ကျူ

မောင်ရေအေး (ဟားဗတ်တက္ကသိုလ်)
Becon,MPA (Harvard)
Fellow of EDI (World Bank)

http://www.cherrythitsar.org

**စာမူခွင့်ပြုချက်အမှတ်**

၃၄၉/၂၀၀၄ (၅)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၃၇၄/၂၀၀၄ (၅)

**ပုံနှိပ်ခြင်း**

ပထမအကြိမ် (၂၀၀၄ ခုနှစ်၊ ဇွန်လ)

အုပ်ရေ ၁၀၀၀

**မျက်နှာဖုံး**

**TMM**

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**

ဦးသိန်းထွန်း (၀၂၇၂၆)

သိန်းထွန်းအော့ဖ်ဆက်

၅၀/၅၂၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးကျော်ဟင်း

ယုံကြည်ချက်စာပေ

၁၁၁၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

**ဖြန့်ချီရေး**

ရွှေသိန်းစာပေ

၃ (ပ ထပ်-ဝဲ) သီတာလမ်း၊ ကျောက်မြောင်း

တာမွေ၊ ရန်ကုန်မြို့။

ဖုန်း ၅၄၂၃၃၂

**တန်ဖိုး**

၁၀၀၀ ကျပ်

# မာတိကာ


စာရေးသူ၏အမှာ ၇

နိဒါန်း ၉


## ဉာဏ်စမ်းလွှာများ


ဉာဏ်စမ်းလွှာ (၁) ၁၇

ဉာဏ်စမ်းလွှာ (၂) ၃၆

ဉာဏ်စမ်းလွှာ (၃) ၅၇

ဉာဏ်စမ်းလွှာ (၄) ၇၇

ဉာဏ်စမ်းလွှာ (၅) ၉၅


## အဖြေနှင့်ရှင်းလင်းချက်များ


ဉာဏ်စမ်းလွှာ (၁) အဖြေနှင့် ရှင်းလင်းချက်များ ၁၁၇

ဉာဏ်စမ်းလွှာ (၂) အဖြေနှင့် ရှင်းလင်းချက်များ ၁၃၂

ဉာဏ်စမ်းလွှာ (၃) အဖြေနှင့် ရှင်းလင်းချက်များ ၁၄၆

ဉာဏ်စမ်းလွှာ (၄) အဖြေနှင့် ရှင်းလင်းချက်များ ၁၆၁

ဉာဏ်စမ်းလွှာ (၅) အဖြေနှင့် ရှင်းလင်းချက်များ ၁၇၅

အကိုးအကား ၁၉၃

# စာရေးသူ၏အမှာ

ဤစာအုပ်မှာ စာရေးသူ၏ ဒုတိယမြောက် အိုင်ကျူစာအုပ် ဖြစ်ပါသည်။ ပထမတစ်အုပ်မှာ ၂၀၀၂ ခုနှစ်က ထုတ်ဝေခဲ့သော 'အိုင်ကျူဉာဏ်စမ်းလွှာများ'ဖြစ်၏။ ထိုစာအုပ်တွင် ပါရှိသည့် ဉာဏ်စမ်းပုစ္ဆာများသည် စာဖတ်သူအား စိတ်မချင့်မရဲဖြစ်မှုကိုရော စိတ်ကျေနပ်မှုကိုပါ တစ်ပြိုင်တည်း ပေးနိုင်စွမ်းသော ဉာဏ်စမ်းပုစ္ဆာများ ဖြစ်အောင် စာရေးသူ ကြိုးပမ်းခဲ့ပါသည်။

စာဖတ်သူအချို့၏ တုံ့ပြန်ချက်များအရ သူတို့တစ်တွေ ဉာဏ်စမ်းလွှာတစ်ခု ဖြေဆိုပြီး ဉာဏ်စမ်းပုစ္ဆာများက ပေးသည့် ဝေဒနာနှစ်မျိုးစလုံးကို ရောပြွမ်းခံစားရကြောင်း သိရှိရပါသည်။ သို့အတွက် စာရေးသူ ကြိုးပမ်းရကျိုးနပ်သည်ဟု ဆိုရမည် ဖြစ်၏။

သို့ပင်ဖြစ်ငြား မျက်မှောက်ခေတ်မှာ အတွင်ကျယ်ဆုံး ဖြစ်နေသည့် သတင်းအချက်အလက်နည်းပညာ (IT -Information Technology) နှင့် ဆက်နွယ်သော ဉာဏ်စမ်းပုစ္ဆာများကို ထည့်သွင်း ဖော်ပြရန် ပျက်ကွက်မိသည့်အတွက် ထိုစာအုပ်ထွက်ပြီးခါမှ စာရေးသူသည် မိမိကိုယ်မိမိ အားမလိုအားမရ ဖြစ်ခဲ့ရပါသည်။

ယနေ့ လူ့အဖွဲ့အစည်းသည် စိုက်ပျိုးရေးအပေါ် အခြေခံသောခေတ် (ပထမလှိုင်း) နှင့် စက်မှုဖွံ့ဖြိုးရေးအပေါ် အခြေခံသော

ခေတ် (ဒုတိယလှိုင်း) တို့ကို ဖြတ်သန်းခဲ့ပြီး၍ ပညာကို အသားပေးသော ပညာခေတ် (တတိယလှိုင်း) သို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။ တတိယလှိုင်း၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်အတွက် တတိယလှိုင်း၏ 'အ' သုံးလုံး ကျေရမည်ဟု လူအများက ပြောနေဆိုနေကြသော ခေတ်ကာလလည်း ဖြစ်နေပါသည်။

တတိယလှိုင်း၏ 'အ' သုံးလုံး ဆိုသည်မှာ အင်္ဂလိပ်စာ၊ အိုင်တီနှင့် အင်တာနက်တို့ကို ဆိုလိုပါသည်။ ထို 'အ' သုံးလုံးနှင့် အနေမစိမ်းအောင် ဤစာအုပ်တွင် တို့ထိထားသည်များမှာ စာဖတ်သူတို့အတွက် အကျိုးဖြစ်ထွန်းစေနိုင်လိမ့်မည်ဟု မျှော်လင့်ရပါသည်။

ထို့ပြင် ဤ 'ခေတ်ပြိုင်အိုင်ကျူ'တွင် GMAT နှင့် GRE ကဲ့သို့သော အထူးဉာဏ်ရည်စစ်ဆေးမှု အကြောင်းအကျိုး ဆက်စပ်ဆင်ခြင်နိုင်မှုစွမ်းရည်တို့ကို စမ်းသပ်စစ်ဆေးနိုင်ရန် အလို့ငှာ အဆင့်မြင်ဉာဏ်စမ်းပုစ္ဆာများကိုလည်း ထည့်သွင်းထားပါကြောင်း အမှာစကားပါးလိုက်ရပါသည်။

မောင်ရေအေး (ဟားဗတ်တက္ကသိုလ်)

# နိဒါန်း

အိုင်ကျူ (IQ)ဟု လူသိများသော Intelligence Quotient ဆိုသည်မှာ လူတစ်ဦး၏ ဉာဏ်ရည် (intelligence) အဆင့် အနိမ့်အမြင့်ကို တိုင်းတာဖော်ပြသည့် အညွှန်းကိန်း (index) ဖြစ်သည်။ ဉာဏ်ရည်ဟူသည်မှာ . . .

- ပြောင်းလဲဖြစ်ပေါ်လာသည့် အခြေအနေအရပ်ရပ်နှင့် လိုက်လျောညီထွေ နေနိုင်သော
- ရှုပ်ထွေးနက်နဲ ခက်ခဲသည့် စိတ်ကူးစိတ်သန်းများကို သိရှိနားလည် သဘောပေါက်နိုင်သော
- အကြောင်းအကျိုးဆက်စပ်ပြီး တွေးတောဆင်ခြင်ထုတ်နှုတ်နိုင်သော စွမ်းရည် (ability)

ကို ဆိုလိုပါသည်။

IQ Test ၏ သဘောမှာ စမ်းသပ်စစ်ဆေးလိုသည့် ဦးတည်ချက်နှင့် နယ်ပယ်အတိုင်းအတာ (purpose and scope)ကို ဦးစွာသတ်မှတ်ပြီး ယင်းသတ်မှတ်ချက်များနှင့်အညီ ပြုစုထားသော (standardized) အမေးပုစ္ဆာများပါရှိသည့် ဉာဏ်ရည်စစ်ဆေးလွှာကို ဖြေဆိုစေခြင်း ဖြစ်သည်။ ထို့နောက် ဖြေဆိုသူတို့၏ ရမှတ် (score)

http://www.cherrythitsar.org



များအပေါ် အခြေခံကာ အိုင်ကျူကို တွက်ချက်ပေသည်။

ထိုသို့ တွက်ချက်ရရှိသော အိုက်ကျူအပေါ် မူတည်ပြီး ဉာဏ်ရည်အဆင့် အနိမ့်အမြင့်ကို သတ်မှတ်၏။ ယေဘုယျအားဖြင့် အိုင်ကျူ ၁၀၀ ရရှိသူကို ပုံမှန်/ လူတန်းစေ့ ဉာဏ်ရည်ရှိသူ (average)၊ ၁၀၀ အထက် ရရှိသူကို ဉာဏ်ရည်အဆင့်မြင့်သူ (above average)၊ ၁၀၀ အောက် ရရှိသူကို ဉာဏ်ရည် အဆင့်မမီသူ (below average) အဖြစ် သတ်မှတ်၏။

IQ Test မှာ အဓိကအားဖြင့် အထွေထွေဉာဏ်ရည်ကို စစ်ဆေးပါသည်။ ယင်းသို့သော IQ Test တွင် အများအားဖြင့်. . .

- စာ-စကား စွမ်းရည် (verbal ability fluency)
- ကိန်းဂဏန်း အတွက်အချက် စွမ်းရည် (numerical ability)
- ရုပ်ပုံ အထားအသို၊ အကွာအဝေး၊ အရွယ်အစား၊ ပုံသဏ္ဌာန် အမြင်စူးရှမှု စွမ်းရည် ( visuo-spatial ability)
- ခြုံငုံဆင်ခြင် သုံးသပ်နိုင်မှု (inductive reasoning) စွမ်းရည်

အစရှိသည့်တို့ကို စမ်းသပ်စစ်ဆေးသည့် အမေးပုစ္ဆာများ ပါဝင်လေ့ရှိသည်။

အထူးဉာဏ်ရည်စစ်ဆေးမှု (Specific IQ Test) တွင်မူ စာ-စကား စွမ်းရည်၊ ကိန်းဂဏန်း အတွက်အချက် စွမ်းရည်နှင့် ခြုံငုံဆင်ခြင် သုံးသပ်နိုင်မှု စွမ်းရည်တို့ကို အဓိကထား စစ်မေးလေ့ရှိသည်။ ဥပမာ - GMAT (Graduate Manmagement Admission Test), GRE (Graduate Record Apitude Exam) အစရှိသည့်တို့ ဖြစ်ကြသည်။ ယင်းတို့မှာ ဘွဲ့လွန်ဒီဂရီ (Post-Graduate Degree) ဝင်ခွင့်အတွက် ဖြစ်ရာ အထွေထွေဉာဏ်ရည်ကို စစ်ဆေးသည့် IQ Test

http://www.cherrythitsar.org


ထက် အကွေ့ကောက်၊ အလှည့်အပတ် ပိုများပြီး အဆင့်ပိုမြင့်သည့် သဘောရှိပါသည်။ သို့သော် ကိန်းဂဏန်းများ အတွက်အချက်စွမ်းရည် အမေးပုစ္ဆာများမှာ IQ Test နည်းတူ တက္ကသိုလ်ဝင်တန်း သချာ် အဆင့်သာ ရှိပါသည်။

သင်ယူတတ်မြောက်မှု၊ အတွေ့အကြုံ၊ ဗဟုသုတ အစရှိသည်တို့မှာ ဆည်းပူးလေ့လာနေသည့်နှင့်အမျှ တိုးပွားလျက်ရှိနေပေသည်။ သို့ဖြစ်ရာ အိုင်ကျူအဆင့် အနိမ့်အမြင့်သည် ဖြေဆိုသူ၏ ဉာဏ်ရည်အပြင်. . .

- လေ့ကျင့်သင်ယူမှု
- အတွေ့အကြုံ
- ဗဟုသုတ
- စိတ်အားထက်သန်မှု
- မေးခွန်းလွှာ၏ လွယ်မှု - ခက်မှု အဆင့်

တို့အပေါ်လည်း တည်မှီနေသေး၏။

တစ်နည်းအားဖြင့် IQ Test ဝင်ရောက်ဖြေဆိုမည့်သူ တစ်ဦးသည် IQ Test ၏ သဘော သဘာဝနှင့် အကျွမ်းတဝင် ရင်းနှီးနေအောင် မေးလေ့မေးထရှိသော အမေးပုစ္ဆာများကို ကြိုတင်လေ့ကျင့်ဖြေဆိုထားလျှင်၊ မိမိ၏ အတွေ့အကြုံနှင့် ဗဟုသုတ တိုးပွားအောင်ဆည်းပူးလေ့လာနေလျှင် မိမိ၏ IQ အဆင့်ကို မြှင့်တင်နိုင်သည်ဟု ဆိုနိုင်ပေသည်။ သို့ပါ၍. . .

- IQ Test ဖြေဆိုမည့်သူများ
- မိမိ၏ ဉာဏ်ရည် ရင့်သန်သည်ထက် ရင့်သန်လာအောင် ဉာဏ်ရည်သွေးလိုသူများနှင့်
- မိမိ၏ဉာဏ်ရည်အဆင့် အနိမ့်အမြင့်ကို သိရှိလိုသူများ

အတွက် အမေးပုစ္ဆာပေါင်း ၄၀ စီ ပါရှိသော ဉာဏ်စမ်းလွှာ ၅ ခုကို ဤစာအုပ်တွင် စုစည်းပြုစု တင်ပြထားပါသည်။

ဉာဏ်စမ်းလွှာများပါ အမေးပုစ္ဆာများမှာ လေ့ကျင့်ပြင်ဆင်မှုအတွက် အဓိက ရည်စူးပြီး ပြုစုထားသော အမေးပုစ္ဆာများသာ ဖြစ်ကြပါသည်။ "စံ" သတ်မှတ်ပြီး ပြုစုထားသော အမေးပုစ္ဆာများ (standardized items) မဟုတ်ကြပါ။ သို့ပါ၍ ဤဉာဏ်စမ်းလွှာများကို ဖြေဆိုခြင်းဖြင့် ဖြေဆိုသူ၏ အိုင်ကျူကို အတိအကျ တိုင်းတာနိုင်လိမ့်မည်ဟု တထစ်ချ မမှတ်ယူသင့်ပါ။

မည်သို့ဆိုစေ ဉာဏ်စမ်းလွှာများပါ အမေးပုစ္ဆာများသည် IQ Test များတွင် မေးတတ်သည့် အမျိုးအစားများ ဖြစ်ကြသည့်အပြင်၊ ဖြေဆိုမည့်သူမှာ ရှိသမျှ ဉာဏ်စွမ်းဉာဏ်စကို ထုတ်ဖော်ပြရလေအောင် စိန်ခေါ်နေသည့် ဉာဏ်စမ်းပုစ္ဆာများ (brain teasers) လည်း ဖြစ်ကြ၏။ ထိုကြောင့် ဤစာအုပ်ပါ ဉာဏ်စမ်းလွှာများကို ကြိုတင်ပြင်ဆင်လေ့ကျင့်မှုအတွက်ရော၊ အကြမ်းဖျင်းသဘော ဉာဏ်ရည်အဆင့် ခန့်မှန်းအကဲဖြတ်မှုအတွက်ပါ အသုံးပြုနိုင်သည်သာ ဖြစ်၏။

ထို့ပြင် အဆိုပါ အမေးပုစ္ဆာများသည် ဉာဏ်ရည်သွေးလိုသူများ၏ မှတ်ဉာဏ်စွမ်းရည် (memory power)၊ အတွက်အချက်စွမ်းရည် (caluation power) နှင့် အကြောင်းအကျိုး ဆက်စပ်ဆင်ခြင်နိုင်မှုစွမ်းရည် (reasoning power) တို့ကို တိုးတက်မြင့်မားစေမည့် ဉာဏ်စမ်းပုစ္ဆာများလည်း ဖြစ်ကြပါသည်။

မည်သည့် IQ Test မျိုးတွင်မဆို ဖြေဆိုချိန်ကို ကန့်သတ်ထားပါသည်။ ကန့်သတ်ထားသည့်အချိန် အတိုင်းအတာကလည်း အမေးပုစ္ဆာများအားလုံးကို အပြီးအစီး ဖြေဆိုနိုင်ဖို့အတွက် ကွက်တိလို ဖြစ်နေတတ်၏။ သို့ဖြစ်ရာ IQ Test ဖြေဆိုရာတွင် မှန်လည်းမှန်ရမည်။ မြန်လည်းမြန်ရပါမည်။ ထို့အတွက် မိမိ၏စပိဒ် (speed)

http://www.cherrythitsar.org


ကို တင်နိုင်ရပါမည်။ ကန့်သတ်ချိန်အတွင်း မှန်လည်းမှန် မြန်လည်း မြန်အောင် လေ့ကျင့်နိုင်မှသာ စပိဒ်ကို တင်နိုင်ပေလိမ့်မည်။

ဉာဏ်စမ်းပုစ္ဆာတစ်ပုဒ်၏ အဖြေမှာ ကိန်းဂဏန်းတစ်လုံး၊ စာလုံးတစ်လုံး၊ စကားလုံးတစ်လုံး သို့မဟုတ် ရုပ်ပုံတစ်ပုံ ဖြစ်နိုင်ပါသည်။ အချို့သော ဉာဏ်စမ်းပုစ္ဆာများတွင် ဖြစ်နိုင်စရာရှိသော အဖြေများ (opitions) ကို ပေးထားတတ်သည်။ ထိုသို့ပေးထားပါက အဖြေမှန်ကို ရွေးထုတ်ရပါမည်။ သို့တည်းမဟုတ် opitions မပေးထားပါက ကိုယ့်ဘာသာကိုယ် အဖြေရှာရပါမည်။

တစ်ခါတစ်ရံ အမေးပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်ရာမှာ ရုတ်တရက် အဖြေမထွက်ဘဲ တဝဲလည်လည် ဖြစ်နေတတ်ပါသည်။ ထိုသို့ တဝဲလည်လည် ဖြစ်နေလျှင် ထိုပုစ္ဆာကို ချန်ထားပြီး အခြားတစ်ပုဒ်ကို ဆက်ဖြေသင့်ပါသည်။

အမေးပုစ္ဆာတစ်ပုဒ်ကို အကြာကြီးစဉ်းစားပြီး အဖြေမထွက်မချင်း သဲသဲမဲမဲ အဖြေထုတ်နေလျှင် သတ်မှတ်ချိန်စေ့သွားသောအခါ မဖြေဆိုရသေးသည့် အမေးပုစ္ဆာ အများအပြား ကျန်နေပေလိမ့်မည်။ ထို့ကြောင့် ကိုယ်ဖြေဆိုနိုင်သည့် ဉာဏ်စမ်းပုစ္ဆာများကို ဦးစားပေး ဖြေဆိုပြီးနောက် အချိန်ကျန်ရှိနေသေးလျှင် ကိုယ်မဖြေနိုင်သေးသည့် ပုစ္ဆာများကို ထပ်မံကြိုးစား ဖြေဆိုသင့်ပါသည်။

ဤစာအုပ်ပါ ဉာဏ်စမ်းလွှာတစ်ခုအတွက် ဖြေဆိုချိန်ကို မိနစ် ၉၀ ကန့်သတ်ထားပါသည်။ တစ်ပုဒ်မှန်လျှင် တစ်မှတ်နှုန်းဖြင့် စုစုပေါင်းအမှတ်မှာ ၄၀ ဖြစ်ပါသည်။

ဉာဏ်စမ်းလွှာများကို ဖြေဆိုပြီးသည့်အခါ မှန်-မမှန်တိုက်ဆိုင်စစ်ဆေးနိုင်ရန်အတွက် အဖြေနှင့်ရှင်းလင်းချက်များကိုလည်း ဖော်ပြထားပါသည်။ ရှင်းလင်းချက်များမှာ အမေးပုစ္ဆာများအား မည်သို့မည်ပုံ ချဉ်းကပ်အဖြေရှာရသည်ကို လေ့လာသိရှိနိုင်အောင် ဖော်ပြထားခြင်းသာ ဖြစ်သည်။ တကယ်လက်တွေ့ IQ Test ဖြေဆိုသော

http://www.cherrythitsar.org



အခါ ရှင်းလင်းချက်များကို ဖော်ပြရန် မလိုအပ်ပါ။ အဖြေများကိုသာ ဖော်ပြရပါသည်။

ဉာဏ်စမ်းလွှာ တစ်ခုချင်းအတွက်ရရှိသော အမှတ်အလိုက် မိမိ၏ ဉာဏ်ရည်အဆင့်ကို အောက်တွင် ဖော်ပြထားသည့်အတိုင်း ခန့်မှန်းနိုင်ပါသည်။ ထို့ပြင် ဉာဏ်စမ်းလွှာများ တစ်ခုပြီးတစ်ခု ဖြေဆိုသွားခြင်းဖြင့်လည်း မိမိ၏ ဉာဏ်ရည်အဆင့် တိုးတက်လာမှုကို အကဲဖြတ် သုံးသပ်သွားနိုင်ပါသည်။

ဉာဏ်ရည်အဆင့် အကဲဖြတ်မှု


| ရမှတ် | ဉာဏ်ရည်အဆင့် |
|---|---|
| ၃၆-၄၀ | ထူးခြားထက်မြက်သူ (Exceptional) |
| ၃၁-၃၅ | ထူးချွန်သူ (Excellent) |
| ၂၅-၃၀ | အလွန်တော်သူ (Very Good) |
| ၁၉-၂၄ | တော်သူ (Good) |
| ၁၄-၁၈ | ပုံမှန်/ လူတန်းစား (Average) |

# ဉာဏ်စမ်းလွှာများ

http://www.cherrythitsar.org

## ဉာဏ်စမ်းလွှာ (၁)


၁။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောကိန်းကို ဖြည့်ပါ။



၁

၂။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောစလုံးကို ဖြည့်ပါ။
DYNAMIC ( ADORN) PR0FUSE ဖြစ်သော်
RETORTS ( ? ) LIBERTY ဖြစ်သော်

၃။ အပေါ်ဆုံးအတန်း လက်ဝဲဘက်ပုံ ၂ ပုံသည် လက်ယာဘက်ပုံနှင့် ဆက်စပ်နေသလို ဒုတိယအတန်းမှ ပုံ ၂ ပုံသည် အက္ခရာစဉ်တပ်ထားသောပုံ ၅ ပုံအနက် မည်သည့်ပုံနှင့် ဆက်စပ်နေသနည်း။



http://www.cherrythitsar.org






၄။ တစ်မူထူးသည့် သတ္တဝါကို ရွေးထုတ်ပါ။

- သင်းခွေချပ်
- လင်းနို့
- လင်းတ
- ကျားသစ်
- ဝေလငါး
- ရေဝက်

၅။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသော စာလုံးကို ဖြည့်ပါ။




၆။ ကွင်းအတွင်းလိုအပ်နေသော စာလုံး ၂ လုံးကို ဖြည့်ပါ။ ယင်းတို့မှာ ကွင်းရှေ့ရှိစကားလုံး၏ အဆုံးသတ်စာလုံးများ ဖြစ်ကြသလို၊ ကွင်းနောက်မှ စကားလုံး၏ အစစာလုံးများလည်း ဖြစ်ကြသည်။

**REACT (- ? -) BIT**

http://www.cherrythitsar.org




၁

၇။ စာလုံးများကို မျဉ်းပေါ်မှာ တစ်အုပ်စု၊ မျဉ်းအောက်မှာ တစ်အုပ်စု အောက်ပါအတိုင်း ခွဲခြားစီထားရာ၊ 0R ကို မည်သည့် အုပ်စုမှာ ထည့်စီရမည်နည်း။

$$\frac{KLMN0}{JBDP}$$

၈။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောကိန်းကို ဖြည့်ပါ။




၉။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောကိန်းကို ဖြည့်ပါ။

၀ ၁ ၃ ၄ ၆ ၇ ၉ ?

၁၀။ ကွင်းအတွင်း လိုအပ်နေသောကိန်းကို ဖြည့်ပါ။


အကယ်၍ ၂၅၆၉ ( ၁၁၈၃ ) ၁၃၈၆ ဖြစ်လျှင်. . .

၇၂၄၂ ( ? ) ၅၃၂၁ ဖြစ်သည်။

http://www.cherrythitsar.org



၁၁။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောပုံကိုဖြည့်ပါ။




၁၂။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောကိန်းကိုဖြည့်ပါ။


| | | | |
|---|---|---|---|
| ၃ | ၇ | ၃ | |
| ၈ | ၄ | ၁ | |
| ၂ | ၁ | ၇ | |

၁

၁၃။ ဇယားကွက်အတွင်း လိုအပ်နေသော စာလုံးကို ဖြည့်ပါ။

| | | | |
|---|---|---|---|
| F | P | I | D |
| U | K | R | ? |

၁၄။ စက်ဝိုင်းများကို အောက်ပါအတိုင်း စနစ်တကျ စီထားရာ အမေးလက္ခဏာနေရာမှာ မည်သည့်စက်ဝိုင်းကို ထည့်စီရမည်နည်း။




၁၅။ အောက်ပါစကားလုံးတို့တွင် တူညီသောအချက်ကို ရှာပါ။


- LIBERATION
- INITIALLY
- FRAGRANCE
- CLAUSTROPHOBIA
- CHINCHILLA
- SPEARMINT
- PERFUME

http://www.cherrythitsar.org





၁၆။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသော ရောမဂဏန်းကို ဖြည့်ပါ။




၁၇။ အောက်ပါဇယားတွင် ပါရှိသောကိန်းများအနက် အငယ်ဆုံး သုဒ္ဓကိန်း (Prime number) နှင့် အကြီးဆုံး မ,ဂဏန်း (odd nunber) တို့၏ မြှောက်လဒ်ကို ရှာပါ။


| | | |
|---|---|---|
| ၁၇ | ၇၁ | ၄ |
| ၁၁ | ၆၇ | ၁၉ |
| ၃၇ | ၈၇ | ၉၇ |

http://www.cherrythitsar.org





၁၈။ အပေါ်ဆုံးအတန်းရှိ ပဉ္စဂံ ၂ ခုတို့ ဆက်စပ်နေကြသလို ဒုတိယအတန်းရှိ ပဉ္စဂံသည် အမှတ်စဉ်တပ်ထားသော ပဉ္စဂံ ၄ ခု အနက် မည်သည့်ပဉ္စဂံနှင့် ဆက်စပ်နေပါသနည်း။




၁၉။ LEA:PIE ဖြစ်သော်

SAP:


(a) BAT
(b) WAG
(c) B0W
(d) WET
(e) YET ဖြစ်သည်။

http://www.cherrythitsar.org





၂၀။ ကွက်လပ်များတွင် စကားလုံးတစ်လုံးစီ ဖြည့်ပါ။ စကားလုံးများအားလုံးကို လက်ယာရစ်တွဲစပ်ဖတ်ရှုသော် မြန်မာဆိုရိုးစကားတစ်ရပ် ရရှိပါမည်။





၂၁။ အပျော်ထမ်းဘိလိယက် အသင်းသားတစ်စု၏ လက်ရည်မှာ ဤသို့ဖြစ်၏။ အာကာက ဇေယျာကို နိုင်သော်လည်း မင်းခန့်ကို ရှုံး၏။ စည်သူသည် ဇေယျာကို နိုင်လေ့ရှိပြီး တစ်ခါတစ်ရံ အာကာကို ရှုံးတတ်သော်လည်း မင်းခန့်ကိုမူ အနိုင်မရခဲ့ဖူးပေ။ သို့ဆိုသော် လက်ရည်အညံ့ဆုံး အသင်းသားမှာ မည်သူ ဖြစ်သနည်း။

၂၂။ ကိန်းတစ်ခု၏ နှစ်ထပ်ကိန်းရင်းသည် ၉ ဖြစ်သော် ထိုကိန်းမှာ–

- ၇၂
- ၃
- ၁၂၁
- ၈၁
- ၉၆ ဖြစ်သည်။

၁

၂၃။ အောက်ဆုံးတြိဂံတွင် လိုအပ်နေသော ကိန်းကိုဖြည့်ပါ။




၂၄။ အောက်ပါစကားလုံးများကို အက္ခရာစဉ်အလိုက် စီပါ။

- ABOUND
- ABSCOND
- ABALONE
- ABDOMEN
- ABDICATE
- ABROGATE
- ABANDON


http://www.cherrythitsar.org




၂၅။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောကိန်းကို ဖြည့်ပါ။

၁၀ ၁ ၉ ၆ ၈ ၁၁ ၇ ?

၂၆။ အောက်ပါတို့အနက် တစ်မူထူးခြားသောပုံကို ရွေးထုတ်ပါ။




၂၇။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောကိန်းကို ဖြည့်ပါ။




http://www.cherrythitsar.org



၂၈။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောကိန်းကို ဖြည့်ပါ။

၄၈၃ ၇၅၂ ၂၆၄ ၈၃၇ ?

၂၉။ အောက်ပါအတိုင်းစီထားသော အက္ခရာကဒ်ပြား ၆ချပ်ကို ဘယ်မှညာသို့ အက္ခရာစဉ်လိုက် ပြန်စီသော် အနည်းဆုံး အက္ခရာကဒ်ပြား –




- ၂ ချပ်
- ၃ ချပ်
- ၄ ချပ်
- ၅ ချပ်
- ၆ ချပ်ကို နေရာအပြောင်းအရွှေ့ လုပ်ရပါမည်။

၃၀။ A,B,Cတို့ကို A=1, B=2, C=3 စသည်ဖြင့် အက္ခရာစဉ်နေရာအလိုက် တန်ဖိုး (alphamumeric value) သတ်မှတ်သည်ရှိသော် –

IQ TEST ကို 9,17,20,5,19,20 သို့မဟုတ်


9172051920 ဟု ရေးသားနိုင်လျှင်

9142051212751435 သည် မည်သည်ကို ညွှန်းပါသနည်း။

http://www.cherrythitsar.org



၃၁။ ဘိန်းမုန့်ကိုတစ်ချပ်ကို ပုံတွင်ပြထားသည့်အတိုင်း ဓားဖြင့် ၂ ချက်လှီးသော ၄ စိတ် ရ၏။ အကယ်၍ ၃ချက်လှီးသော် အများဆုံး ဘယ်နှစိတ် ရနိုင်သနည်း။



၃၂။ ဖော်ပြပါ အပေါင်းပုစ္ဆာမှ 'ခ' ၏ တန်ဖိုးမှာ . . .

- ၀
- ၂
- ၃
- ၇
- ၉ ဖြစ်သည်။


```
    ၇၂၉
    ၅ခ၃
 +  ၉ခ၁
 --------
   ၂၂ခ၃
```

http://www.cherrythitsar.org



၁

၃၃။ ဗဟို O နှင့် P ရှိသော စက်ဝိုင်း ၂ ခုတို့သည် အောက်ပါ အတိုင်း တစ်ခုနှင့်တစ်ခု ထိစပ် (tangent) နေကြ၏။




O ဗဟိုရှိသော စက်ဝိုင်း၏ အချင်းမှာ ၈ယူနစ် ရှိပြီး P ဗဟို ရှိသော စက်ဝိုင်း၏ အချင်းမှာ ၆ ယူနစ် ရှိသော် မျဉ်းဖြောင့် OP၏ အလျားမှာ. . .

- ၇ ယူနစ်
- ၁၀ ယူနစ်
- ၁၄ ယူနစ်
- ၂၀ ယူနစ်
- ၂၈ ယူနစ် ရှိ၏။

၃၄။ ကွင်းအတွင်း လိုအပ်နေသော စကားလုံးတစ်လုံးကို ဖြည့်ပါ။ ထိုစကားလုံးသည် ကွင်းအပြင်ရှိ စကားလုံးတို့နှင့် တူညီသော အဓိပ္ပယ် ရှိရပါမည်။

SKIN ( ----?---- ) CONCEAL


http://www.cherrythitsar.org



၃၅။ အောက်တွင်ဖော်ပြထားသည်မှာ ရတနာသိုက်ညွှန်းမြေပုံ ဖြစ်၏။ ရတနာမြှုပ်နှံထားသောနေရာကို T အမှတ်အသားဖြင့် ပြထားပြီး ကျန်အကွက်များရှိ ဂဏန်းအက္ခရာ အတွဲများက ရွှေ့သွား ရမည့် အကွက်အရေအတွက်နှင့် ဦးတည်ရမည့် အရပ်မျက်နှာတို့ကို ရည်ညွှန်း၏။ ဥပမာ. . .

1N 2W မှာ 1 North 2 West ဖြစ်၏။ ရည်ညွှန်းသည်မှာ 1N2Wအကွက်မှာ မြောက်စူးစူးသို့ ၁ကွက် ရွှေ့သွားပြီး၊ ရောက်သည့် အကွက်မှတစ်ဖန် အနောက်စူးစူးသို့ ၂ ကွက် ဆက်ရွှေ့သွားရန် ဖြစ်၏။

| | | |
|---|---|---|
| 1S 1E | 1S 1E | 2S |
| 1S | T | 1N 2W |
| 1E 2N | 2N 1E | 2W 1N |





ရတနာသိုက်ရှိရာ T သို့ရောက်အောင် စတင်ထွက်ခွာရမည့် အကွက်နှင့် သွားရမည့်လမ်းကြောင်းကို ရှာပါ။ စည်းကမ်းချက်မှာ အညွှန်းအတိုင်း တစ်ကွက်မကျန် သွားရပါမည်။

http://www.cherrythitsar.org



၁

၃၆။ စက်ဝိုင်း ၁၊ ၃၊ ၄ နှင့် ၇ တို့ကို မျဉ်းဖြောင့်များဖြင့် ဆက်ကာ ပုံတွင်ပြထားသည့်အတိုင်း ရေးဆွဲထား၏။ ထိုသို့ ရေးဆွဲထားသော စက်ဝိုင်းတစ်ခု၏ တန်ဖိုးကို ယင်းစက်ဝိုင်းနှင့် တိုက်ရိုက်ဆက်နေသည့် စက်ဝိုင်းအသီးသီးမှ ဂဏန်းတို့ကို ပေါင်းခြင်းဖြင့် ရရှိနိုင်၏။ ဥပမာ –




စက်ဝိုင်း ၁ နှင့် တိုက်ရိုက်ဆက်နေသော စက်ဝိုင်းများမှာ ၃၊ ၄နှင့် ၇ တို့ ဖြစ်ကြ၏။ ထို့ကြောင့် ယင်းစက်ဝိုင်း ၁ ၏ တန်ဖိုးမှာ

၁ = ၃ + ၄ + ၇ = ၁၄ ဖြစ်၏။ အလားတူ –

၄ = ၁ +၇ = ၈

၇ = ၁+ ၄ = ၅

၃ = ၁ အသီးသီး ဖြစ်ကြ၏။

အထက်ပါနည်းစနစ်အတိုင်း ၁ မှ ၅ အထိ ဂဏန်းငါးလုံးကို ပူးတွဲပါ စက်ဝိုင်း ၅ ခုတွင် စက်ဝိုင်းတစ်ခုလျှင် ဂဏန်းတစ်လုံးကျ အောက်ပါတန်ဖိုးများ ရရှိအောင် ထည့်သွင်းပါ။


၁ = ၅

၂ = ၁၂

၃ = ၇

၄ = ၂


၅ = ၆




http://www.cherrythitsar.org



၃၇။ အက္ခရာစဉ်တပ်ထားသော ပုံ ၅ ပုံအနက် မည်သည့်ပုံကို အမေးလက္ခဏာနေရာမှာ ဖြည့်သွင်းနိုင်ပါသနည်း။




၃၈။ အောက်ပါပုံတွင် တြိဂံပေါင်း မည်မျှပါရှိသနည်း။




http://www.cherrythitsar.org





၁


၃၉။ အမှတ်အသား ၇ ခုစီပါရှိသော အတန်း ၃ တန်းကို အောက်ပါအတိုင်း စီကာစဉ်ကာ (in sequence) ရေးဆွဲထားပါသည်။ ယင်းအစီအစဉ် မပျက်စေဘဲနှင့် ထိုအတန်း ၃ တန်း၏ နောက်ဆက်တွဲအဖြစ် အက္ခရာစဉ်တပ်ထားသော အတန်း ၄ တန်းအနက် မည်သည့်အတန်းကို ဖြည့်စွက်ရေးဆွဲရမည်နည်း။




?

A 

B 


C 

D 

http://www.cherrythitsar.org



၄၀။ YMZ Media သင်္ချာစွမ်းရည်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်သူများနှင့် ယင်းတို့၏ ရမှတ်များကို အောက်ပါ ပုံပြ ဇယားဖြင့် ဖော်ပြထားသည်။





ပုံပြဇယားပါ အချက်အလက်များအရ ပျမ်းမျှရမှတ်မှာ –

- ၈၇
- ၈၁
- ၈၀
- ၇၈
- ၇၅ ရမှတ် ဖြစ်သည်။

# ဉာဏ်စမ်းလွှာ (၂)


၁။ အောက်ပါတို့အနက် တစ်မူထူးသည့်ပုံကို ရွေးထုတ်ပါ။



1



2



3





4

၂။ ကွင်းအတွင်း လိုအပ်နေသော စကားလုံးတစ်လုံးကို ဖြည့်ပါ။ ထိုစကားလုံးသည် ကွင်းအပြင်ရှိ စကားလုံးများနှင့် တူညီသော အနက်အဓိပ္ပာယ် ရှိရပါမည်။

နယ်နိမိတ် ( ? ) ချည်နှောင်

၃။ အမှတ်စဉ်တပ်ထားသောပုံ ၄ ပုံအနက် မည်သည့်ပုံကို အမေးလက္ခဏာနေရာမှာ ဖြည့်ရမည်နည်း။







1 2 3 4

http://www.cherrythitsar.org



၄။ အမှတ်စဉ်တပ်ထားသောပုံ ၅ ပုံအနက် မည်သည့်ပုံကို အမေးလက္ခဏာနေရာမှာ ဖြည့်ရမည်နည်း။




1 2 3 4 5

၅။ စကားလုံး ၃ လုံးကို အောက်ပါအစီအစဉ်အတိုင်း စီထား၏။

CARTON, ENJOYMENT, WORDSMITH, ?

ထိုအစီအစဉ်အတိုင်း ဆက်စီသော်၊ စတုတ္ထမြောက် စကားလုံးမှာ . . .


- COPY
- REEF
- COPE
- REST
- ACHE ဖြစ်၏။

http://www.cherrythitsar.org



၆။ အကွာရာစဥ်တပ်ထားသော စက်ဝိုင်း ၅ ဝိုင်းအနက် မည်သည့်စက်ဝိုင်းကို ကွက်လပ်နေရာမှာ ဖြည့်သွင်းရမည်နည်း။





http://www.cherrythitsar.org



၇။ အောက်ဖော်ပြပါ အမေးဝါကျအပေါ် အခြေခံထားသည့် ကိန်းစဉ်၏ အမေးလက္ခဏာ နေရာမှာ မည်သည့်ကိန်းကို ဖြည့်ရမည်နည်း။

"What, with reference to this question, is the next number in the sequence below ?"

3, 3, 5, 1, 3, 4, 1, 2, 3, 4, 1, 2, ?

၈။ – ၈ + ၆ × ၈ – ၂ × ၅ = X

အထက်ပါ ညီမျှခြင်းမှ X ၏ တန်ဖိုးမှာ . . .

- – ၉၀
- – ၆၀
- + ၃၀
- + ၉၀ ဖြစ်သည်။

၉။ အောက်ပါတို့အနက် တစ်မူထူးသည့် လုပ်ငန်းသုံး ကိရိယာကို ရွေးထုတ်ပါ။

- ဆောက်
- လွှ
- တူ
- လွန်ပူ
- သံလက်
- ရွှေပေါ်


http://www.cherrythitsar.org



၁၀။ အမေးလက္ခဏာ နေရာမှာ လိုအပ်နေသောကိန်းကို ဖြည့်ပါ။

၅၃၄၇၂, ၂၄၃၅, ၃၄၂, ?

၁၁။ ကွက်လပ်များတွင် စကားလုံးတစ်လုံးစီ ဖြည့်ပါ။ စကားလုံးများအားလုံးကို လက်ယာရစ်တွဲစပ် ဖတ်ရှုသော် မြန်မာစကားပုံ တစ်ခု ရရှိပါမည်။





၁၂။ အောက်ပါတို့အနက် တစ်မူထူးသည့် စကားလုံးကို ရွေးထုတ်ပါ။

- SALIFEROUS
- EVACUATION
- REGULATION
- EXHAUSTION
- INOCULATED
- DUODECIMAL

၁၃။ တစ်မူထူးသည့်ပုံကို ရွေးထုတ်ပါ။






၁၄။ အနက်အဓိပ္ပာယ်တူသော ဝေါဟာရ ၂ လုံးကို ရွေးထုတ်ပါ။

- ကသောကက်ကရောက်
- ကပေါက်တိကပေါက်ချာ
- ကယောက်ကယက်
- ကယောင်ကတမ်း
- ကသောင်းကနင်း
- ကမျောသောပါး

http://www.cherrythitsar.org






၁၅။ YMZ အားဖြည့်အချိုရည် 250 ml တစ်ဘူး၏ ပျမ်းမျှထုတ်လုပ်မှု ကုန်ကျစရိတ်မှာ ၁၂၀ ကျပ် ဖြစ်သည်။ အားဖြည့်အချိုရည် 250 ml အတွက် ထုတ်လုပ်မှုစရိတ်သည် ဘူးခွံ၏ ထုတ်လုပ်မှုစရိတ်ထက် ၁၀၅ ကျပ် ပိုမိုကုန်ကျသည်ရှိသော် ဘူးခွံ၏ ပျမ်းမျှထုတ်လုပ်မှု ကုန်ကျစရိတ်မှာ . . .

- ၂၀ ကျပ်
- ၁၅ ကျပ်
- ၁၂ ကျပ် ၅၀ ပြား
- ၇ ကျပ် ၅၀ ပြား
- ၅ ကျပ် ၅၀ ပြား ဖြစ်သည်။

၁၆။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောကိန်းကို ဖြည့်ပါ။




၁၇။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောကိန်းကို ဖြည့်ပါ။


၇ ၁၄ ၈ ၁၀ ၉ ၆ ၁၀ ?


http://www.cherrythitsar.org


၁၈။ ကွင်းရှေ့စကားလုံး၏ ဆန့်ကျင်ဘက် အဓိပ္ပာယ်ဆောင်သောစကားလုံးတစ်လုံးကို ကွင်းအတွင်း ဖြည့်ပါ။ ထိုစကားလုံးနှင့် ကွင်းနောက်ရှိ စကားလုံးတို့ကို ပေါင်းစပ်လိုက်သောအခါ သီးခြား အဓိပ္ပာယ်ရှိသော စကားလုံးအသစ်တစ်လုံး ရရှိရပါမည်။

DARK ( ? ) HOUSE

၁၉။ အလံပုံများကို အောက်ပါအတိုင်း စီစဉ်ရေးဆွဲထား၏။ ထို အစီအစဉ် မပျက်စေဘဲနှင့် ယင်းအလံတို့၏ နောက်ဆက်တွဲအဖြစ် အမှတ်စဉ်တပ်ထားသော အလံပုံ ၅ ခုအနက် မည်သည့်ပုံကို ရွေး ချယ်ရမည်နည်း။






A B C D E

http://www.cherrythitsar.org






၂၀။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောကိန်းကို ဖြည့်ပါ။




၂၁။ တစ်မူထူးသည့်ကိန်းကို ရွေးထုတ်ပါ။




http://www.cherrythitsar.org



၂

၂၂။ အပေါ်တန်းမှ ဘယ်ဘက်ပုံသည် ညာဘက်ပုံနှင့် ဆက်စပ်နေလျှင် အလယ်တန်းမှပုံသည် အက္ခရာစဉ်တပ်ထားသောပုံ ၄ ပုံအနက် မည်သည့်ပုံနှင့် ဆက်စပ်နေပါသနည်း။




၂၃။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောစာလုံးကို ဖြည့်ပါ။


A D G J ?


http://www.cherrythitsar.org






၂၄။ အက္ခရာစဉ်တပ်ထားသော ပုံ ၅ ပုံအနက် မည်သည့်ပုံသည် အောက်ဖော်ပြပါပုံနှင့် အနီးစပ်ဆုံး တူညီပါသနည်း။





A B C D E

၂၅။ တစ်မူထူးသည့် နာရီဒိုင်ခွက်ကို ရွေးထုတ်ပါ။




A B




C D E

http://www.cherrythitsar.org





၂၆။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောကိန်းကို ဖြည့်ပါ။

J

| | | | |
|---|---|---|---|
| ၆ | ၈ | ၁၇ | ၂၁ |
| ၁၃ | ၁ | ၉ | ၁၀ |
| ၃ | ၁၅ | ၄ | ? |
| ၄ | ၆ | ၄ | ၅ |

၂၇။ အောက်ပါပုံကို အံစာတုံးပုံဖြစ်အောင် ခေါက်ချိုးသော် အက္ခရာစဉ်တပ်ထားသော ပုံများအနက် မည်သည့်ပုံ ဖြစ်လာမည်နည်း။





A B C D

http://www.cherrythitsar.org






၂၈။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောစာလုံးကို ဖြည့်ပါ။

| | | |
|---|---|---|
| K | H | C |
| Q | G | J |
| L | B | ? |
| W | S | D |

၂၉။ တစ်မူထူးသည့်ပုံကို ရွေးထုတ်ပါ။




http://www.cherrythitsar.org



၃၀။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောစာလုံးကို ဖြည့်ပါ။

R O L I ?

၃၁။ အက္ခရာစဉ်တပ်ထားသော ပုံ ၅ ပုံအနက် မည်သည့်ပုံကို အမေးလက္ခဏာနေရာမှာ ဖြည့်စွက်ရမည်နည်း။




A B C D E

http://www.cherrythitsar.org





၃၂။ 1A မှ 3C အထိ နံပါတ်နှင့် အက္ခရာ ပူးတွဲတပ်ထားသော ပုံ ၉ ပုံတို့မှာ သက်ဆိုင်ရာ နံပါတ်တပ်ထားသောပုံနှင့် အက္ခရာစဉ် တပ်ထားသောပုံ အသီးသီး၏ အမှတ်အသားများကို ပေါင်းစပ်ခြင်း ဖြင့် ရရှိသောပုံများ ဖြစ်ကြသည်။ ဥပမာ ပုံ 1A သည် ပုံ 1 နှင့် ပုံ A တို့၏ အမှတ်အသားများ ပေါင်းစပ်ထားသည်ကို တွေ့မြင်နိုင် သည်။ မည်သို့၂၂၂၂၂၂၂၂၂၂၂၂၂၂၂၂ဆိုစေ ထိုသို့ပေါင်းစပ်ထားသော ပုံ ၉ ပုံအနက် တစ်ပုံ သည် အလွဲလွဲ အမှားမှား ဖြစ်နေရာ ထိုလွဲမှားနေသည့်ပုံကို ရှာပါ။



http://www.cherrythitsar.org




၃၃။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောကိန်းကို ဖြည့်ပါ။




၇ ၁၁ ၂၀ ? ၆၁ ၉၇ ၁၄၆


၃၄။ အပေါ်တန်းမှ ပုံ ၂ ပုံတို့ ဆက်နွယ်နေကြသလို အလယ်တန်းမှပုံသည် အက္ခရာစဉ်တပ်ထားသည့် ပုံ ၄ ပုံအနက် မည်သည့်ပုံနှင့် ဆက်စပ်နေပါသနည်း။



၃၅။ လိုအပ်နေသောကိန်းကို ဖြည့်ပါ။




၃၆။ အောက်ပါပုံတွင် မျဉ်းဖြောင့် ဘယ်နှကြောင်း ပါရှိသနည်း။




http://www.cherrythitsar.org




၃၇။ အနီ၊ အပြာ၊ အဝါ၊ အစိမ်း ဘောလုံး ၄ လုံးကို ဤသို့တန်းစီ နေရာချထား၏။ အနီရောင်ဘောလုံးသည် အစိမ်းရောင်ဘောလုံးနှင့် ကပ်လျက်ရှိသော်လည်း အပြာရောင်ဘောလုံးနှင့် ဘေးချင်းကပ်လျက် မရှိပါ။ အဝါရောင်ဘောလုံးသည်လည်း အပြာရောင်ဘောလုံးနှင့် ကပ်လျက်မရှိပါ။ သို့ဆိုလျှင် အဝါရောင်ဘောလုံးနှင့် ကပ်လျက်ရှိသော ဘောလုံးမှာ . . .

- အနီရောင်ဘောလုံး ဖြစ်သည်။
- အစိမ်းရောင်ဘောလုံး ဖြစ်သည်။
- အနီရောင်ဘောလုံးနှင့် အစိမ်းရောင်ဘောလုံးတို့ ဖြစ်ကြသည်။
- ကောက်ချက်ချနိုင်လောက်အောင် ပေးထားသော အချက်အလက်များ မပြည့်စုံပါ။

၃၈။ YMZ ပွဲရုံသည် ၁ ယူနစ်မှ ၁၀ယူနစ်အထိ အလေး ၁၀ မျိုး ကိုသာ အသုံးပြု၏။ ယင်းအလေး ၁၀ မျိုးအနက် တစ်မျိုးကို အသုံးပြုပြီး ပုံတွင်ပြထားသည့် ချိန်ခွင်လက်တံ တစ်တန်းတည်းဖြစ်အောင် ချိန်တွယ်ပေးပါ။



၃၉။ YMZ မီနီမတ်၏ ဇန်နဝါရီလမှ ဇွန်လအထိ လအလိုက် ရောင်းရငွေ (ရောင်းအား)ကို အောက်ပါပုံပြဇယားတွင် ဖော်ပြထားပါသည်။




ပုံပြဇယားပါ အချက်အလက်များအရ ရောင်းအားတိုးတက်မှုနှုန်း (%) အမြင့်မားဆုံးလမှာ . . .


- မေ
- ဖေဖော်ဝါရီ
- မတ်
- ဧပြီ
- ဇွန် ဖြစ်သည်။


http://www.cherrythitsar.org





၄၀။ အောက်ပါပုံကို ဗဟုဂံပုံပြည့် ဖြစ်အောင် အကွက်ရာစဉ်တပ်ထားသော ပုံများအနက် မည်သည့်ပုံကို ရွေးချယ်ဖြည့်စွက်ရမည်နည်း။






http://www.cherrythitsar.org

# ဉာဏ်စမ်းလွှာ (၃)

၁။ အောက်ဖော်ပြပါကွန်ပျူတာကွန်ရက် (computer network) အချိတ်အဆက်မိအောင် လိုအပ်နေသေးသော ကုဒ်နံပါတ် (numerical code)ကို သတ်မှတ်ပေးပါ။




http://www.cherrythitsar.org




၂။ အောက်ပါတို့အနက် တစ်မူထူးသည့်လကို ရွေးထုတ်ပါ။

- ဩဂုတ်
- စက်တင်ဘာ
- အောက်တိုဘာ
- နိုဝင်ဘာ
- ဒီဇင်ဘာ

၃။ စတုရန်းပုံပြည့် ဖြစ်လာအောင် အက္ခရာစဉ်တပ်ထားသော အစိတ်အပိုင်း ၄ ခုအနက် မည်သည့်အစိတ်အပိုင်းကို ရွေးချယ်ဖြည့်စွက်ရမည်နည်း။





A B C D

http://www.cherrythitsar.org






၄။ အနန္တ ( infinity )ကို ကိုယ်စားပြုသော သင်္ကေတမှာ


- δ
- ∞
- Δ
- ∷
- ∝ ဖြစ်သည်။

၅။ အောက်ပါပုံတွင် စက်ဝိုင်းဘယ်နှဝိုင်း ရှိသနည်း။




၆။ အက္ခရာစဉ်တပ်ထားသော ပုံ ၆ ပုံအနက် အောက်ဖော်ပြပါ ပုံနှင့် မတူသည့်ပုံကို ရွေးထုတ်ပါ။


၃




၇။ အမေးလက္ခဏာ နေရာမှာ လိုအပ်နေသောကိန်းကို ဖြည့်ပါ။




၈။ အက္ခရာစဉ်တပ်ထားသော ပုံ ၅ ပုံအနက် မည်သည့်ပုံသည် အောက်ပါပုံနှင့် အနီးစပ်ဆုံး တူညီပါသနည်း။






http://www.cherrythitsar.org



၉။ အပြင်စက်ဝိုင်း (outer circle) ၄ ခုက အတွင်းစက်ဝိုင်း (inner circle) တစ်ခုကို အောက်တွင် ဖော်ပြထားသည့်အတိုင်း ဝန်းရံထား၏။။






အပြင်စက်ဝိုင်း ၄ ခုမှ အမှတ်အသားများကို အောက်ပါ စည်းကမ်းချက်များနှင့်အညီ အတွင်းစက်ဝိုင်းတွင် ထည့်သွင်းရေး ဆွဲသော် ထိုအတွင်းစက်ဝိုင်းပုံသည် A မှ E အထိ အက္ခရာစဉ် တပ်ထားသော ပုံ ၅ ပုံ အနက် မည်သည့်ပုံ ဖြစ်လာနိုင်ပါသနည်း။

၁။ အပြင်စက်ဝိုင်းများတွင် တစ်ကြိမ်သာ ပါရှိသေးသော အမှတ်အသားများကို အတွင်းစက်ဝိုင်းတွင် မဖြစ်မနေ ထည့်သွင်းရေးဆွဲရမည်။

၂။ အပြင်စက်ဝိုင်းများတွင် နှစ်ကြိမ်နှစ်ခါ ပါရှိနေသော အမှတ်အသားများကို အတွင်းစက်ဝိုင်းတွင် ဖြစ်နိုင်ပါက ထည့်သွင်းရေးဆွဲရမည်။

၃။ အပြင်စက်ဝိုင်းများတွင် သုံးကြိမ်သုံးခါ ပါရှိပြီးသော အမှတ်အသားများကို အတွင်းစက်ဝိုင်းတွင် မဖြစ်မနေ


http://www.cherrythitsar.org




ထည့်သွင်းရေးဆွဲရမည်။

၄။ အပြင်စက်ဝိုင်းများတွင် လေးကြိမ်အထိ ပါရှိသည့် အမှတ်အသားများကို အတွင်းစက်ဝိုင်းတွင် ထည့်သွင်းရေးဆွဲခြင်း မပြုရပါ။






၁၀။ တစ်မူထူးသည့်ပုံကို ရွေးထုတ်ပါ။




http://www.cherrythitsar.org



၁၁။ အကွဲရာစဉ်တပ်ထားသော ပုံ ၅ ပုံအနက် မည်သည့်ပုံကို အမေးလက္ခဏာနေရာမှာ ဖြည့်ရမည်နည်း။


၃




http://www.cherrythitsar.org



၁၂။ ဆဋ္ဌဂံအသီးသီးမှ တစ်မူထူးသည့် စာလုံးတစ်လုံးစီကို ရွေးထုတ်ပါ။




၁၃။ တစ်မူထူးသည့် စက်ဝိုင်းကို ရွေးထုတ်ပါ။




၁၄။ အသွင်မတူ တစ်မူထူးသည့် စာဆိုတော်တစ်ဦးကို ရွေးထုတ်ပါ။


- ဦးသြဘာသ
- ဦးကုလား
- ဦးပေါ်ဦး
- ဦးကြင်ဥ
- ရွှေဥဒေါင်း
- ဇော်ဂျီ

http://www.cherrythitsar.org




၁၅။ ကွက်လပ်များအတွင်း စကားလုံးတစ်လုံးစီ ဖြည့်ပါ။ စကားလုံးများအားလုံးကို လက်ယာရစ်တွဲစပ်ဖတ်ရှုသော် မြန်မာစကားပုံ တစ်ခု ရရှိပါမည်။






၁၆။ တစ်မူထူးသည့်ပုံကို ရွေးထုတ်ပါ။



http://www.cherrythitsar.org



၁၇။ အောက်ပါကိန်းစဉ်၏ ဆဋ္ဌမမြောက်ကိန်းမှာ . . .


၀.၅ ၀.၆၆၆ ၀.၇၅ ၀.၈ ၀.၈၃၈

- ၀.၈၅၇
- ၀.၈၆၁
- ၀.၈၆၅
- ၀.၈၆၉
- ၀.၈၇၅ ဖြစ်သည်။

၁၈။ အောက်ပါညီမျှခြင်းမှ x ၏ တန်ဖိုးကို ရှာပါ။

၃ − ၆ × ၇ + ၆ ÷ ၄ = x


၁၉။ တစ်မူထူးသည့် နာရီဒိုင်ခွက်ကို ရွေးထုတ်ပါ။




၂၀။ ၀.၀၁၀ ၏ ၂၀၀% မှာ . . .


- ၀.၀၀၀၂
- ၀.၀၀၀၅
- ၀.၀၂၀
- ၀.၅၀
- ၀.၂၀ ဖြစ်သည်။

၂၁။ အောက်ပါပုံ ၃ ပုံ၏ နောက်ဆက်တွဲ စတုတ္ထမြောက်ပုံအဖြစ် အက္ခရာစဉ်တပ်ထားသော ပုံ ၅ ပုံအနက် မည်သည့်ပုံကို ရွေးချယ်ရမည်နည်း။







A




B



C



D



E

http://www.cherrythitsar.org



၂၂။ ကိန်းစဉ်တစ်ခုတွင် နောက်ကိန်းသည် ရှေ့ကိန်း၏ ၃/၂ အသီးသီးရှိကြပြီး ပဋ္ဌမမြောက်ကိန်းသည် ၃ ဖြစ်သော် ဒုတိယမြောက်ကိန်းသည် . . .



- ၁
- ၉
- ၃
- ၈၁
- ၂၇ ဖြစ်သည်။

၂၃။ YMZအတိုင်ပင်ခံအဖွဲ့က ဦးဆောင်စီစဉ်သော မဟာဗျူဟာစီမံခန့်ခွဲမှု ဆွေးနွေးပွဲသို့ ပညာရှင်များနှင့် လုပ်ငန်းရှင်များ စုစုပေါင်း ၃၂ ဦး တက်ရောက်ကြရာ ၂၄ ဦးမှာ လုပ်ငန်းရှင်များ ဖြစ်ကြ၏။ ဆွေးနွေးပွဲသို့ တက်ရောက်သည့် အမျိုးသမီး ၁၂ ဦး ရှိပြီး ယင်းတို့အနက် ၆ ဦးမှာ လုပ်ငန်းရှင်များ ဖြစ်ကြ၏။ သို့ဆိုလျှင် ဆွေးနွေးပွဲသို့ တက်ရောက်သည့် အမျိုးသားပညာရှင်ဦးရေမှာ . . .

- ၂
- ၄
- ၈
- ၁၂
- ၁၈ ဦးဖြစ်သည်။

၂၄။ YMZ Computer for Kids သင်တန်းသူ ယဉ်ဝသုန်လတ်၏ မှတ်စုတွင် အောက်ပါအတိုင်း ရေးမှတ်ထား၏။ သို့သော် အစီအစဉ်တကျ မဟုတ်ပါ။

1. Input the relevant data, carry out a spell-check and print the document.

2. Turn on the computer and monitor, key in your password and ensure you have entered the word-processing software.


3. Name and save the file to an appropriate floppy disk and exit the program.

4. Open a file.

အထက်ပါဝါကျများဖြင့် အဓိပ္ပာယ်ပြည့်စုံသော စာတစ်ပိုဒ် ဖြစ်လာအောင် ရေးမည်ဆိုပါက ဝါကျများ၏ အစီအစဉ်မှာ . . .

- 4, 2, 3,1
- 4, 2, 1, 3
- 2, 4, 3, 1
- 2, 4, 1, 3 ဖြစ်ရပါမည်။

၂၅။ အမေးလက္ခဏာ ပြထားသောထောင့်မှာ . . .





- ၁၀၅°
- ၁၁၀°
- ၁၁၅°
- ၁၂၀°
- ၁၃၀° ရှိသည်။

၂၆။ ကွင်းအတွင်း စကားလုံးတစ်လုံး ဖြည့်ပါ။ ထိုစကားလုံးသည် ကွင်းအပြင်ရှိ စကားလုံးများနှင့် တူညီသောအဓိပ္ပာယ်ရှိရမည်။

STINGY ( ? ) AVERAGE

၂၇။ တစ်မူထူးသည့်ပုံကို ရွေးထုတ်ပါ။




၂၈။ အသင့်တော်ဆုံး စကားလုံးကို ရွေးပါ။

MUSIC: COMPOSE
DEVICE:
a) use
b) create
c) construct
d) invent
e) change

၂၉။ အောက်ပါ အင်္ဂလိပ်စကားပုံနှင့် ဆိုလိုရင်းတူညီသော မြန်မာဆိုရိုးစကားကို ဖော်ပြပါ။


Out of sight, out of mind.

http://www.cherrythitsar.org






၃၀။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောကိန်းကို ဖြည့်ပါ။





၃၁။ အပေါ်ဆုံးအတန်းရှိ ပုံ ၂ ပုံတို့ဆက်စပ်နေကြသလို ဒုတိယ အတန်းရှိ တြိဂံပုံသည် အမှတ်စဉ်တပ်ထားသောပုံ ၅ ပုံအနက် မည်သည့်ပုံနှင့် ဆက်စပ်နေပါသနည်း။



http://www.cherrythitsar.org



၃၂။ အောက်ပါအတိုင်း စီထားသော အမှတ်အသား ကော်လံတို့၏ နောက်ဆက်တွဲ ကော်လံ ၅ အဖြစ် အက္ခရာစဉ်တပ်ထားသော ပုံ ၅ ပုံအနက် မည်သည့်ပုံကို ရွေးချယ်ရမည်နည်း။





၃၃။ တစ်မူထူးသည့်နိုင်ငံကို ရွေးထုတ်ပါ။


- မြန်မာ
- ထိုင်း
- ကမ္ဘောဒီးယား
- ဗီယက်နမ်
- ဖိလစ်ပိုင်

၃

၃၄။ တစ်မူထူးသည့်ပုံကို ရွေးထုတ်ပါ။




၃၅။ တစ်မူထူးသည့်ကိန်းကို ရွေးထုတ်ပါ။




၃၆။ ကစိန်းကဝါး၏အဓိပ္ပာယ်မှာ . . .

- ပရမ်းပတာ
- စူးစူးစိုက်စိုက်
- အလွဲလွဲအမှားမှား
- ပေါ့ပေါ့တန်တန်


http://www.cherrythitsar.org



- မသင့်မတင့်
- မချင့်မရဲ ဖြစ်သည်။



၃၇။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောကိန်းကို ဖြည့်ပါ။




၃၈။ YMZ ဟိုတယ်မှာ လာရောက်တည်းခိုသော နမော်နမဲ့နိုင်လှသူ ဧည့်သည်တစ်ဦး ရေချိုးဖို့ ရေချိုးကန် ( bathtub ) ဖြည့်ရာမှာ ရေထွက်ပေါက် ( plug hole ) ကို မပိတ်မိဘဲ ရေပူပိုက် (hot tap) နှင့် ရေအေးပိုက် (cold tap ) တို့ကို တစ်ပြိုင်တည်း ဖွင့်ထားလိုက်၏။

ရေချိုးကန်ပြည့်အောင် ရေပူပိုက်က ၃ မိနစ်နှင့်လည်းကောင်း၊ ရေအေးပိုက်က ၂ မိနစ်နှင့်လည်းကောင်း အသီးသီးဖြည့်နိုင်၏။ ရေထွက်ပေါက်က ရေချိုးကန်အပြည့်ရေကို ၆ မိနစ်နှင့် ကုန်အောင်ထုတ်နိုင်၏။ သို့ဆိုလျှင် နမော်နမဲ့ ဧည့်သည်သည် ရေချိုးကန်ပြည့်အောင် အချိန်မည်မျှ စောင့်ရမည်နည်း။


http://www.cherrythitsar.org



၃၉။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောကိန်းကို ဖြည့်ပါ။


၂၂ ၂၁ ၃၀ ? ၃၈ ၃၇ ၄၆

၄၀။ အပေါ်တန်းမှပုံ ၂ ပုံတို့ ဆက်နွယ်နေကြသလို ဒုတိယ အတန်းမှပုံသည် အက္ခရာစဥ်တပ်ထားသော ပုံ ၆ ပုံအနက် မည်သည့်ပုံနှင့် ဆက်နွယ်နေပါသနည်း။




## ဉာဏ်စမ်းလွှာ (၄)

၁။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောပုံကို ဖြည့်ပါ။



၂။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောပုံကို ဖြည့်ပါ။



၃။ (၂၅ × ၃၄) – (၃၃ × ၂၅) =

- –၁
- ၁
- ၂၅
- ၃၃
- ၉၅၀ ဖြစ်သည်။

၄။ အာကာသည် စည်သူထက် ၂ နှစ်ကြီး၏။ စည်သူ၏ အသက်မှာ ကျော်မင်းခန့် အသက်၏ ၂ ဆ ဖြစ်ပြီး၊ သူတို့၏ ပျမ်းမျှ အသက်မှာ ၉ နှစ် ဖြစ်လျှင် စည်သူ၏ အသက်မှာ . . .


- ၅ နှစ်
- ၈ နှစ်

http://www.cherrythitsar.org



- ၉ နှစ်
- ၁၀ နှစ်
- ၁၂ နှစ် ဖြစ်သည်။


၅။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောပုံကို ဖြည့်ပါ။ 




၆။ ၄၅ သည် ၉၀၀၀ ၏ . . .


- ၀.၀၅%
- ၀.၄၀၅%
- ၀.၅%
- ၄.၀၅%
- ၅% ဖြစ်သည်။


၇။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောပုံကို ဖြည့်ပါ။



1 2 3 4 5 6

၈။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောပုံကို ဖြည့်ပါ။





A B C D E


၉။ အောက်ဖော်ပြပါ အင်္ဂလိပ်စကားပုံနှင့် ဆိုလိုရင်းတူညီသော မြန်မာစကားပုံကို ဖော်ပြပါ။

Silence is golden.


http://www.cherrythitsar.org



၁၀။ အက္ခရာစဉ်တပ်ထားသော ပုံ ၅ ပုံအနက် မည်သည့်ပုံကို ကွက်လပ်နေရာမှာ ဖြည့်သွင်းရမည်နည်း။




၁၁။ လိုအပ်နေသောကိန်းနှင့် စာလုံးတို့ကို ဖြည့်ပါ။




http://www.cherrythitsar.org






၁၂။ တစ်မူထူးသည့်ပုံကို ရွေးထုတ်ပါ။





၁၃။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောကိန်းကို ဖြည့်ပါ။



http://www.cherrythitsar.org





၁၄။ အောက်ပါ အံစာတုံးများ၏ ကျောဘက်ရှိ စုစုပေါင်း အပွင့် အရေအတွက်ကို ရှာပါ။






၁၅။ စတုတ္ထမြောက်ပုံအဖြစ် အက္ခရာစဉ်တပ်ထားသော ပုံ ၅ ပုံ အနက် မည်သည့်ပုံကို ရွေးချယ်ရမည်နည်း။







A




B



C



D



E


http://www.cherrythitsar.org






၁၆။ မြစ်ရေတင်စီမံကိန်း တစ်ရပ်အတွက် တပ်ဆင်အသုံးပြုနိုင်သည့် ရေပိုက်ဒီဇိုင်း ၃ ခုအနက် မည်သည့်ဒီဇိုင်းသည် ရေသွင်းအားအများဆုံး ဖြစ်သနည်း။

အချင်း ၈" အချင်း ၄" × ၃ အချင်း ၆" × ၂



ဒီဇိုင်း ၁ ဒီဇိုင်း ၂ ဒီဇိုင်း ၃

၁၇။ အောက်ပါတို့အနက် မည်သည့်အပိုင်းအစ ၄ ခုကို ပေါင်းစပ်သော် စတုရန်းပုံ ရရှိနိုင်သနည်း။




http://www.cherrythitsar.org





၁၈။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောပုံကို ဖြည့်ပါ။




1 2 3 4

၁၉။ ၇၄၆၁ : ၁၃၅ ဖြစ်သလို . . .

၆၈၉၃ :
- ■ ၁၅၁
- ■ ၁၇၉
- ■ ၁၅၂
- ■ ၁၆၁
- ■ ၁၂၅ ဖြစ်သည်။

၂၀။ YMZ အတိုင်ပင်ခံအဖွဲ့၏ စာကြည့်တိုက်တွင် ထားရှိသော စာအုပ်များအနက် ၆၀ % မှာ ကဒ်ထူအဖုံးများဖြင့် အခန့်ချုပ်ထားသော စာအုပ်များ ဖြစ်ကြ၏။ အခန့်ချုပ်စာအုပ်များအနက် ၃၀ %

http://www.cherrythitsar.org






မှာ စီမံခန့်ခွဲမှုပညာရပ်စာအုပ်များ ဖြစ်ကြလျှင် စာကြည့်တိုက်ရှိ စုစုပေါင်း စာအုပ်၏ . . .

- ၉၀%
- ၃၀%
- ၂၀%
- ၁၈%
- ၂% မှာ စီမံခန့်ခွဲမှုပညာရပ်စာအုပ်များ ဖြစ်ကြ၏။

၂၁။ တစ်မူထူးသည့်ပုံကို ရွေးထုတ်ပါ။



1 2


3

4 5

http://www.cherrythitsar.org



၂၂။ လိုအပ်နေသောကိန်းကို ဖြည့်ပါ။




၂၃။ လိုအပ်နေသောကိန်းကို ဖြည့်ပါ။


၂ ၆ ၁၂ ၂၀ ? ၄၂


၂၄။ ကွင်းရှေ့စကားလုံး၏ ဆန့်ကျင်ဘက် အဓိပ္ပာယ်ဆောင်သောစကားလုံးတစ်လုံးကို ကွင်းအတွင်း ဖြည့်ပါ။ ထိုစကားလုံးနှင့် ကွင်းနောက်ရှိ စကားလုံးတို့ကို ပေါင်းစပ်လိုက်သောအခါ သီးခြား အဓိပ္ပာယ်ရှိသော စကားလုံးအသစ်တစ်လုံး ရရှိရပါမည်။



BITTER ( ? ) HEART

၂၅။ အက္ခရာစဉ်တပ်ထားသော ပုံများအနက် မည်သည့်ပုံသည် အောက်ပါပုံနှင့် အနီးစပ်ဆုံး တူညီပါသနည်း။







http://www.cherrythitsar.org





၂၆။ အက္ခရာစဉ်တပ်ထားသော ပုံ ၅ ပုံအနက် မည်သည့်ပုံကို ကွက်လပ်မှာ ဖြည့်ရမည်နည်း။






၂၇။ လိုအပ်နေသောကိန်းကို ဖြည့်ပါ။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ၂ | | | ၁ | | | ၄ | |
| ၇ | ၄ | ၄ | ၃ | ၉ | ၈ | ၆ | ၉ | ? |

http://www.cherrythitsar.org



၂၈။ လိုအပ်နေသောကိန်းကို ဖြည့်ပါ။

| | | |
|---|---|---|
| SPIN | = | 52 |
| LIST | = | 51 |
| CALM | = | 91 |
| LOAD | = | 62 |
| LAND | = | **?** |





၂၉။ ကွန်ပျူတာချို့ယွင်းမှုကြောင့် e-mail တစ်စောင်ကို အောက်ပါအတိုင်း လက်ခံရရှိ၏။ ယင်း e-mail ၏ message ကိုဖော်ထုတ်ပါ။

**eeaeaoouiieieoueiuthrr**
**mnypprtntsnthcmptrn**
**dstry . . .**



၃၀။ အက္ခရာစဉ်တပ်ထားသော ပုံ ၅ ပုံအနက် မည်သည့်ပုံတွင် အမည်းစက်တစ်စက် ဖြည့်လိုက်ပါက ထိုပုံသည် အောက်ပါပုံနှင့် အနီးစပ်ဆုံး တူလာမည်နည်း။





A B C D E

http://www.cherrythitsar.org






၃၁။ လိုအပ်နေသော ကိန်း ၂ လုံးကို ဖြည့်ပါ။

? ၉ ၂၅ ၄၉ ?

၃၂။ တစ်မူထူးသည့်ပုံကို ရွေးထုတ်ပါ။



http://www.cherrythitsar.org






၃၃။ တစ်မူထူးသည့် ကိန်းတန်းကို ရွေးထုတ်ပါ။

- (၃ × ၁၀၀) + (၆ × ၁၀) + ၁၆
- (၂ × ၁၀၀) + (၁၇ × ၁၀) + ၆
- (၃ × ၁၀၀) + (၇ × ၁၀) + ၆
- (၂ × ၁၀၀) + (၁၆ × ၁၀) + ၆
- (၂ × ၁၀၀) + (၇ × ၁၀) + ၁၀၆

၃၄။ အမေးလက္ခဏာ နေရာမှာ . . .




- M
- I
- F
- X ကို ဖြည့်ရမည်။

၃၅။ လိုအပ်နေသောကိန်းကို ဖြည့်ပါ။

| | | | | | | |
|---|---|---|---|---|---|---|
| ၅ | ၃ | ၈ | ၄ | ၉ | ၆ | ၈ |
| ၈ | ၆ | ၆ | ၁ | ၈ | ၄ | ? |
| ၃ | ၂ | ၇ | ၆ | ၈ | ၇ | ၃ |

http://www.cherrythitsar.org



၃၆။ အောက်တွင်ဖော်ပြထားသည်မှာ ရတနာသိုက်ညွှန်းမြေပုံ ဖြစ်၏။ ရတနာမြှုပ်နှံထားသောနေရာကို T အမှတ်အသားဖြင့် ပြထားပြီး၊ ကျန်အကွက်များရှိ ဂဏန်းအက္ခရာ အတွဲများက ရွေ့သွားရမည့် အကွက်အရေအတွက်နှင့် ဦးတည်ရမည့် အရပ်မျက်နှာတို့ကို ရည်ညွှန်း၏။ ဥပမာ – 2N မှာ 2 North ဖြစ်ပြီး၊ 2N အကွက်မှ မြောက်စူးစူးသို့ ၂ ကွက် ရွေ့သွားရန် ဖြစ်၏။

N

| | | | |
|---|---|---|---|
| **T** | 1E | 2S | 3W |
| 3E | 1S | 1W | 2S |
| 1S | 2E | 2W | 2N |
| 2E | 3N | 2N | 2W |

W (left) E (right)

S

ရတနာသိုက်ရှိရာ T သို့ရောက်အောင် မည်သည့်အကွက်မှ စတင်ထွက်ခွာရမည်နည်း။

၃၇။ ၁၀ ၏ ၅ ထပ်ကိန်းမှာ . . .

- ၁၀ × ၅
- ၅$^{၁၀}$
- ၅√၁၀
- ၁၀× ၁၀× ၁၀× ၁၀× ၁၀
- ၁၀$^{၁၀}$ ÷ ၁၀$^{၂}$ ဖြစ်သည်။

http://www.cherrythitsar.org



၃၈။ ကွင်းအတွင်း စကားလုံးတစ်လုံးကို ဖြည့်ပါ။ ကွင်းရှေ့စကားလုံးများနှင့် တွဲစပ်ဖတ်ရှုပါက ဒြပ်မဲ့အရာတစ်ခုကိုလည်းကောင်း၊ ကွင်းနောက်စကားလုံးများနှင့် တွဲစပ်ဖတ်ရှုပါက ဒြပ်ရှိအရာတစ်ခုကိုလည်းကောင်း ရရှိပါမည်။ ထို့ပြင် ထိုအရာနှစ်ခုတို့မှာ တစ်နည်းတစ်ဖုံ ဆက်နွှယ်နေကြ၏။




ကုန်သည် ( ? ) ညွှန်တံ

၃၉။ တစ်မူထူးသော သတ္တဝါကို ရွေးထုတ်ပါ။


- နွား
- မြင်း
- လား
- သိုး
- ဆိတ်

၄၀။ တစ်မူထူးသည့်ပုံကို ရွေးထုတ်ပါ။



## ဉာဏ်စမ်းလွှာ (၅)

၁။ ဂြိုလ်တု ၄ လုံးအနက် မည်သည့်ဂြိုလ်တုကို မြေပြင်ဆက်သွယ်ရေးစခန်း ၂ ခုစလုံးနှင့် ချိတ်ဆက်ထားပါသနည်း။




http://www.cherrythitsar.org



၅


၂။ အပေါ်တန်းမှ ပုံ ၂ ပုံတို့ဆက်စပ်နေကြသလို ဒုတိယအတန်းမှ လက်ဝဲဘက်ပုံသည် အက္ခရာစဉ်တပ်ထားသော ပုံ ၅ ပုံအနက် မည်သည့်ပုံနှင့် ဆက်စပ်နေပါသနည်း။



http://www.cherrythitsar.org



၃။ လိုအပ်နေသောကိန်းကို ဖြည့်ပါ။




၄။ အောက်ဖော်ပြပါနေ့များမှာ မိခင်ဖြစ်သူက သားကျော်မင်းခန့်အား Game Centre သို့ သွားခွင့်ပြုသောနေ့များဖြစ်၏။ ထိုနေ့များနောက် မည်သည့်နေ့မှာ ကျော်မင်းခန့် တစ်ယောက် Game Centre သို့ ထပ်မံသွားခွင့် ရဦးမည်နည်း။

တနင်္ဂနွေ

တနင်္လာ

ဗုဒ္ဓဟူး

စနေ


ဗုဒ္ဓဟူး


?

http://www.cherrythitsar.org



၅။ အက္ခရာစဉ်တပ်ထားသော ပုံ ၅ ပုံအနက် မည်သည့်ပုံကို ဇယား၏ အမည်းကွက်မှာ ဖြည့်ရမည်နည်း






၆။ အောက်ပါဇယားမှ ကိန်းတစ်လုံးတွင် ၃ ပေါင်းသော် ရလဒ်သည် ယင်းကိန်းမှ ၂ ကွက်အကွာမှာ ရှိ၏။ ၂ ဆပြုသော် ရလဒ်သည် ယင်းကိန်းမှ ၃ ကွက်အကွာမှာ ရှိ၏။ ၂ ကို နှုတ်သော် နှုတ်လဒ်သည် ယင်းကိန်းမှ ၂ ကွက်အကွာမှာ ရှိ၏။ ၄ ကို ပေါင်းသော် ပေါင်းလဒ်သည် ယင်းကိန်းမှ ၂ ကွက်အကွာမှာ ရှိ၏။ ၁ ကို နှုတ်

http://www.cherrythitsar.org





သော် နှုတ်လဒ်မှာ ယင်းကိန်းမှ ၂ ကွက်အကွာမှာ ရှိ၏။ ၅ ကို ပေါင်းသော် ရလဒ်မှာ ယင်းကိန်းမှ ၃ ကွက်အကွာမှာ ရှိ၏။ ၆ ကို ပေါင်းသော် ရလဒ်မှာ ယင်းကိန်းမှ ၂ ကွက်အကွာမှာ ရှိ၏။ ထိုကိန်းကို ရှာပါ။


| | | | | |
|---|---|---|---|---|
| ၂၅ | ၁၃ | ၁၀ | ၁ | |
| ၈ | ၂၄ | ၁၁ | ၁၂ | |
| ၁၉ | ၆ | ၂၁ | ၇ | |
| ၉ | ၁၅ | ၅ | ၁၈ | |
| ၁၄ | ၂၀ | ၂၂ | ၁၆ | |

၇။ တစ်မူထူးသည့် စကားလုံးကို ရွေးထုတ်ပါ။

ORGAN
GLEAN
HORSE
DANCE
EAGER
GROAN
ANGLE
ENDOW
AGREE
ELATE
SHORE
CANED
OWNED

၅

၈။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောကိန်းကို ဖြည့်ပါ။





၉။ $၇၅^{၃}$ နှင့် $၇၅^{၇}$ တို့၏ မြှောက်လဒ်မှာ . . .


- $၇၅^{၁၀}$
- $၁၅၀^{၁၀}$
- $၇၅^{၂၁}$
- $၅၆၂၅^{၁၀}$
- $၇၅^{၄}$ ဖြစ်သည်။

http://www.cherrythitsar.org



၁၀။ အက္ခရာစဉ်တပ်ထားသော ပုံ ၅ ပုံအနက် မည်သည့်ပုံသည် အောက်ပါ စတုရန်း၏ mirror image ဖြစ်သနည်း။







၁၁။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောစာလုံးကို ဖြည့်ပါ။

| | | | |
|---|---|---|---|
| C | H | Q | D |
| E | L | W | ? |

http://www.cherrythitsar.org



၁၂။ အပေါ်တန်းမှပုံ ၂ ပုံတို့ ဆက်စပ်နေကြသလို အလယ်တန်းမှပုံသည် အက္ခရာစဉ်တပ်ထားသော ပုံများအနက် မည်သည့်ပုံနှင့် ဆက်စပ်နေပါသနည်း။




၁၃။ တစ်မူထူးသည့် ကိရိယာကို ရွေးထုတ်ပါ။

- ဒိုးပတ်
- အိုးစည်
- နှဲ
- ပလွေ
- ဝါးလက်ခုပ်
- ယကွင်း


၇


http://www.cherrythitsar.org






၁၄။ အက္ခရာစဉ်တပ်ထားသော ပုံ ၄ ပုံအနက် မည်သည့်ပုံတွင် အမည်းစက်တစ်စက် ဖြည့်စွက်လိုက်ပါက ထိုပုံသည် အောက်ပါပုံနှင့် အနီးစပ်ဆုံး တူညီလာမည်နည်း။






A B C D

၁၅။ ပထမနှင့် ဒုတိယစက်ဝိုင်းတို့ ဆက်စပ်နေကြသလို တတိယ စက်ဝိုင်းသည် အက္ခရာစဉ်တပ်ထားသော စက်ဝိုင်းများအနက် မည် သည့်စက်ဝိုင်းနှင့် ဆက်စပ်နေပါသနည်း။





A B C D

http://www.cherrythitsar.org




၁၆။ အက္ခရာစဉ်တပ်ထားသော ပုံများအနက် မည်သည့်ပုံကို အမေးလက္ခဏာနေရာမှာ ဖြည့်ရမည်နည်း။






၁၇။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောစာလုံးကို ဖြည့်ပါ။




၁၈။ ကွင်းအတွင်း စကားလုံးနှစ်လုံးပါရှိသော ဝေါဟာရတစ်လုံး ကို ဖြည့်ပါ။ ထိုဝေါဟာရသည် ကွင်းအပြင်ရှိ ဝေါဟာရတို့နှင့် သံကွဲကြောင်းတူ ဖြစ်ရပါမည်။


နွားကန် (–?–) နှင်တံ


http://www.cherrythitsar.org





၁၉။ အက္ခရာစဉ်တပ်ထားသော ဆဋ္ဌဂံပုံများအနက် မည်သည့်ပုံကို အမေးလက္ခဏာနေရာမှာ ဖြည့်ရမည်နည်း။







http://www.cherrythitsar.org



၅

၂၀။ စတုတ္ထမြောက်ပုံအဖြစ် အက္ခရာစဉ်တပ်ထားသော ပုံများ အနက် မည်သည့်ပုံကို ရွေးချယ်ရမည်နည်း။





၂၁။ လိုအပ်နေသောကိန်းကို ဖြည့်ပါ။

၂၈ ၄၇ ၈၅ ? ၂၁၈ ၃၁၃ ၄၂၇


http://www.cherrythitsar.org



၂၂။ အောက်ပါပုံတွင် စတုရန်းကွက်ပေါင်း မည်မျှပါရှိသနည်း။



၂၃။ မြားပစ်ပြိုင်ပွဲဝင် ၄ ဦးအနက် မည်သူ ပထမ ရသနည်း။




http://www.cherrythitsar.org





၂၄။ တစ်မူထူးသည့်ပုံကို ရွေးထုတ်ပါ။




၂၅။ တြိဂံတစ်ခု၏ ထောင့်များသည် ၂ ႏ ၃ ႏ ၅ ဖြစ်သော်၊ ယင်းမှာ . . .

- ထောင့်ကျယ်တြိဂံ
- ထောင့်ကျဉ်းတြိဂံ
- နှစ်နားညီတြိဂံ
- ထောင့်မှန်တြိဂံ
- သုံးနားညီတြိဂံ ဖြစ်သည်။

http://www.cherrythitsar.org





၂၆။ စကားလုံး ၅ လုံးကို အောက်ပါအတိုင်း စီထား၏။

HALF-MAST, TAVERNER, RIPARIAN, NOBILITY, YULETIDE, **?**

ယင်းအစီအစဉ်အတိုင်း ဆက်ရေးသော် ၆ လုံးမြောက် စကားလုံးမှာ . . .

- DOUBLOON
- EXCITING
- MACARONI
- OVERTONE
- SKY PILOT
- TICKLISH ဖြစ်သည်။


၂၇။ ၁ မှ ၉ အထိ ရေးသွင်းထားသော အောက်ပါဇယား၏ မည်သည့်အကွက်မှာ ၁၀ ကို ရေးသွင်းရမည်နည်း။

| | | | | | |
|---|---|---|---|---|---|
| ၁ | | | | ၈ | |
| ၂ | | ၆ | | | |
| | | | | | |
| ၃ | ၅ | | | | |
| | | | | | |
| | | | | | ၉ |
| ၄ | | | ၇ | | |

http://www.cherrythitsar.org




၁၈။ တစ်မူထူးသည့်ကိန်းကို ရွေးထုတ်ပါ။




၅


၁၉။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောကိန်းကို ဖြည့်ပါ။




၂၀။ အောက်ဖော်ပြပါ ဇယားတွင် SOLO ဟူသော စကားလုံး တစ်လုံးသာပါရှိသည်။ ထိုစကားလုံးကို ရေးထားသည်မှာ အလျားလိုက် ဖြစ်နိုင်သလို ဒေါင်လိုက်လည်း ဖြစ်နိုင်သည်။ ကန့်လန့်ဖြတ်လည်း ဖြစ်နိုင်သည်။ ရေးရိုးရေးစဉ် ဘယ်ဘက်မှ စပြီးရေးထားနိုင်သလို တစ်မျိုးထွင်ကာ ညာဘက်မှလည်း စပြီးရေးထားနိုင်သည်။ ထိုစကားလုံးကို ရှာပါ။

| | | | | | |
|---|---|---|---|---|---|
| S | O | L | S | L | O |
| S | O | S | O | S | O |
| O | O | S | O | S | L |
| O | S | O | L | S | O |
| S | O | S | L | S | L |
| L | S | L | O | O | S |
| O | O | O | S | S | O |
| O | S | L | L | O | S |

၃၁။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောကိန်းကို ဖြည့်ပါ။



၇


၃၂။ Giga ၏ အဓိပ္ပာယ်မှာ . . .

- $၁၀^{၃}$
- $၁၀^{၆}$
- $၁၀^{၇}$
- $၁၀^{၈}$
- $၁၀^{၉}$ ဖြစ်သည်။

၃၃။ တစ်မူထူးသည့် စကားလုံးကို ရွေးထုတ်ပါ။

- BLITHERING
- CATHEDRAL
- WAREHOUSE
- PROMETHEAN
- STEPMOTHER

၃၄။ အကွက်ရာစဉ်တပ်ထားသော ပုံများအနက် မည်သည့်ပုံသည် အောက်ပါပုံနှင့် အနီးစပ်ဆုံး တူညီပါသနည်း။




A B C D

http://www.cherrythitsar.org




၃၅။ အပေါ်တန်းမှ တတိယပုံသည် အက္ခရာစဉ်တပ်ထားသော ပုံများအနက် မည်သည့်ပုံနှင့် ဆက်နွယ်နေပါသနည်း။







၃၆။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောပုံကို ဆွဲပါ။




၃၇။ အမေးလက္ခဏာနေရာမှာ လိုအပ်နေသောကိန်းကို ဖြည့်ပါ။


၃၆၉၅၄၂ သည် ၂၄၆၃၅၉ နှင့် ဆက်စပ်နေသလို
၁၇၂၈၉၆ သည် ၂၆၈၁၇၉ နှင့် ဆက်စပ်နေလျှင် . . .
၄၁၇၆၃၈ သည် ? နှင့် ဆက်စပ်နေ၏။

၃၈။ တစ်မူထူးသည့်ပုံကို ရွေးထုတ်ပါ။







၃၉။ လိုအပ်နေသော စာလုံးကို ဖြည့်ပါ။




၄၀။ လိုအပ်နေသောကိန်းကို ဖြည့်ပါ။



# အမြေနှင့်ရှင်းလင်းချက်များ

http://www.cherrythitsar.org

# ဉာဏ်စမ်းလွှာ (၁)
# အဖြေနှင့်ရှင်းလင်းချက်များ

၁။ ၁

ဗဟုဂံတစ်ခုအတွင်းရှိ ကိန်းများ၏ ပေါင်းလဒ်သည် ယင်းဗဟုဂံ၏ အနားအရေအတွက်ပင် ဖြစ်သည်။

အမေးလက္ခဏာပါရှိသော ဗဟုဂံ၏ အနားအရေအတွက်မှာ ၁၀ ဖြစ်သည်။ ထို့ကြောင့် –

? + ၄ + ၅ = ၁၀

? = ၁၀ – ၉ = ၁

၂။ ORBIT

ကွင်းရှေ့စကားလုံးမှ စတုတ္ထ၊ ပထမနှင့် တတိယ စာလုံးတို့ကိုလည်းကောင်း၊ ကွင်းနောက်စကားလုံးမှ တတိယနှင့် ဒုတိယစာ လုံးတို့ကိုလည်းကောင်း တွဲစပ်ပြီး ကွင်းအတွင်းရှိ စကားလုံးကို အောက်ပါအတိုင်း ရေးသားထားခြင်း ဖြစ်သည်။

2 51 12345 43

**DYNA**MIC ( **ADORN** ) **PRO**FUSE

ထိုနည်းလမ်းအတိုင်းရေးသော် –

2 51 12 345 43

**RETO**RTS ( **O R B I T** ) **LIB**ERTY

၃။ ပုံ C

အပေါ်တန်း လက်ဝဲဘက်ပုံ ၂ ခုကို ထပ်ဆွဲပြီး အဖြူစက်များကို အမည်းစက်များအဖြစ် အရောင်ပြောင်းလိုက်သောအခါ လက်ယာဘက်ပုံကို ရသည်။

ထို့အတူ အောက်တန်းမှ ပုံ ၂ ပုံကို ထပ်ဆွဲပြီး အမည်းစက်များကို အဖြူစက်များအဖြစ် အရောင်ပြောင်းလိုက်သောအခါ ပုံ **C** ကို ရပါမည်။ ယင်းမှာ လိုအပ်နေသောပုံ ဖြစ်၏။

၄။ လင်းတ

လင်းတမှအပ ကျန်ရှိသည်တို့မှာ နို့တိုက်သတ္တဝါများ ဖြစ်ကြသည်။

၅။ Q

သရအက္ခရာ (vowel) ၅ လုံးအနက် ပထမ ၄ လုံးဖြစ်သော a,e,i,o, အသီးသီးမှ တစ်လုံးခြားစီတွင် ရှိသောစာလုံးများ ဖြစ်ကြသည်။

**A** B **C**

**E** F **G**

**I** J **K**

**O** P **Q**

http://www.cherrythitsar.org



၆။ OR

REACTOR

ORBIT

၇။ မျဉ်းအောက်အုပ်စု

မျဉ်းပေါ်ရှိ စာလုံးများ (K L M N O) ကို ရေးသားရာတွင် မျဉ်းဖြောင့်ဆိုလျှင် မျဉ်းဖြောင့်၊ မျဉ်းကောက်ဆိုလျှင် မျဉ်းကောက် တစ်မျိုးတည်းကိုသာ အသုံးပြုရသည်။

မျဉ်းအောက်ရှိ စာလုံးများ ( J B D P) ကို ရေးသားရာတွင်မူ မျဉ်းဖြောင့်ရော မျဉ်းကောက်ကိုပါ ရောနှောအသုံးပြုရသည်။ ထို့ကြောင့် မျဉ်းဖြောင့်ရော မျဉ်းကောက်ကိုပါ ရောနှောအသုံးပြု ရေးသားရသည့် R ကို မျဉ်းအောက်အုပ်စုမှာ နေရာချထားရပါမည်။

၈။ ၈

၁၂ နာရီ အနေအထားရှိကိန်းကို ၆ နာရီ အနေအထားရှိကိန်းဖြင့် စားလျှင် ရရှိသော စားလဒ်သည်လည်းကောင်း၊ ၉ နာရီ အနေအထားရှိကိန်းနှင့် ၃ နာရီ အနေအထားရှိကိန်းတို့၏ မြှောက်လဒ်သည်လည်းကောင်း ဗဟိုရှိကိန်းနှင့် တူညီ၏။

ပထမစက်ဝိုင်း ၂၄ ÷ ၄ = ၆

၃ × ၂ = ၆

ဒုတိယစက်ဝိုင်း ၂၄ ÷ ၃ = ၈

၄ × ၂ = ၈


၉။ ၁၀

ပထမကိန်းမှာ ၁ ပေါင်းလျှင် ဒုတိယကိန်းကို ရသည်။ ဒုတိယကိန်းမှာ ၂ ပေါင်းလျှင် တတိယကိန်းကို ရသည်။ ၎င်းကဲ့သို့ ၁

http://www.cherrythitsar.org



နှင့် ၂ တို့ကို တစ်လှည့်စီ ပေါင်းသွားခြင်းဖြင့် လိုအပ်နေသောကိန်း ၁၀ ကို ရရှိသည်။




၁၀။ ၁၉၂၁

လက်ဝဲဘက်ကိန်းမှ လက်ယာဘက်ကိန်းကို နှုတ်သော် ကွင်းအတွင်းရှိကိန်းကို ရသည်။

၂၅၆၉ − ၁၃၈၆ = ၁၁၈၃

၇၂၄၂ − ၅၃၂၁ = **၁၉၂၁**

၁၁။ ပုံ C

အတန်းလိုက် ပထမပုံနှင့် ဒုတိယပုံတို့ကို ထပ်ဆွဲလျှင် တတိယပုံကို ရရှိသည်။

ထို့ကြောင့် အောက်ဆုံးအတန်း ပထမပုံမှ စတုရန်းနှင့် ဒုတိယပုံမှ စတုဂံတို့ကို ထပ်ဆွဲထားသည့် ပုံ **C** သည် လိုအပ်နေသော အဖြေ ဖြစ်၏။


၁၂။ ၄

ကော်လံတစ်ခုချင်း၏ ပေါင်းလဒ်တို့သည် ၁ လျော့သွားသော ကိန်းစဉ်ဖြစ်သည်။

http://www.cherrythitsar.org



| | | | | |
|---|---|---|---|---|
| ၃ | ၇ | ၃ | ၆ | ၂ |
| ၈ | ၄ | ၁ | ၁ | ၃ |
| ၂ | ၁ | ၇ | ၃ | ? |
| ၁၃ | ၁၂ | ၁၁ | ၁၀ | ၉ |




ထို့ကြောင့် နောက်ဆုံးကော်လံ၏ ပေါင်းလဒ်မှာ ၉ ဖြစ်ရာ . . .

၂ + ၃ + ? = ၉

? = ၉ − ၂ − ၃

? = **၄**

၁၃။ W

အပေါ်ကွက်ရှိ စာလုံးများနှင့် အောက်ကွက်ရှိ စာလုံးများ၏ ဆက်စပ်မှုမှာ ဤသို့ဖြစ်၏။

F သည် A မှ စတင်ရေတွက်သော် ၆ လုံးမြောက်စာလုံး ဖြစ်သလို U သည် Z မှ နောက်ပြန်ရေတွက်သော် ၆ လုံးမြောက် စာလုံး ဖြစ်၏။

P သည် A မှ စတင်ရေတွက်သော် ၁၆ လုံးမြောက်စာလုံး ဖြစ်သလို K သည် Z မှ နောက်ပြန်ရေတွက်သော် ၁၆ လုံးမြောက် စာလုံး ဖြစ်၏။

http://www.cherrythitsar.org



၁

I သည် A မှ စတင်ရေတွက်သော် ၉ လုံးမြောက်စာလုံး ဖြစ်သလို R သည် Z မှ နောက်ပြန်ရေတွက်သော် ၉ လုံးမြောက် စာလုံး ဖြစ်၏။

အလားတူ D သည် A မှ စတင်ရေတွက်သော် ၄ လုံးမြောက် စာလုံး ဖြစ်ရာ Z မှ နောက်ပြန်ရေတွက်သော် ၄ လုံးမြောက်စာလုံး **W** သည် လိုအပ်သောအဖြေ ဖြစ်၏။

၁၄။ စက်ဝိုင်းမည်း

စက်ဝိုင်းများကို အတန်းလိုက် ၃ ဝိုင်းတစ်စုဖွဲ့လျှင် အစု တိုင်းမှာ စက်ဝိုင်းဖြူ၊ စက်ဝိုင်းမည်းနှင့် စက်ဝိုင်းကွက်ကြား ၃ မျိုး ပါရှိ၏။

နောက်ဆုံးအစုမှာ စက်ဝိုင်းဖြူနှင့် စက်ဝိုင်းကွက်ကြားတို့ သာ ပါရှိသေးသဖြင့် ထပ်ဖြည့်ရမည့် စက်ဝိုင်းမှာ စက်ဝိုင်းမည်း ဖြစ်၏။

၁၅။ စကားလုံးတိုင်းမှာ နိုင်ငံအမည် တစ်ခုစီ ပါရှိ၏။

| | |
|---|---|
| LIBE**RA**TIO**N** | **IRAN** |
| INI**T**I**ALLY** | **ITALY** |
| **FR**AGR**ANCE** | **FRANCE** |
| CL**AUSTR**OPHOB**IA** | **AUSTRIA** |
| **CHIN**CHILL**A** | **CHINA** |
| **SP**E**A**RM**IN**T | **SPAIN** |
| **PER**F**U**ME | **PERU** |

http://www.cherrythitsar.org



၁၆။ X

တြိဂံတစ်ခု၏ ထောင့်များအတွင်းရှိ ကိန်း ၃ လုံး ပေါင်းလဒ်မှာ ထိုတြိဂံအတွင်းရှိ ရောမဂဏန်းပင် ဖြစ်သည်။

၁၀ + ၅ + ၄ = ၁၉ = XIX

၆ + ၃ + ၉ = ၁၈ = XVIII

၈ + ၄ + ၄ = ၁၆ = XVI

၄ + ၂ + ၄ = ၁၀ = **X**

၁၇။ ၁၀၆၇

သုဒ္ဓကိန်းဆိုသည်မှာ ၁ သို့မဟုတ် မူလကိန်းဖြင့်သာ ပြတ်အောင် စားနိုင်ပြီး ၁ ထက် ပိုကြီးသောကိန်းဖြစ်သည်။ (ဥပမာ ၂, ၃, ၅, ၇ စသည်များ . . .)

ပေးထားသောဇယားတွင် အငယ်ဆုံး သုဒ္ဓကိန်းမှာ ၁၁ ဖြစ်ပြီး အကြီးဆုံး မ,ဂဏန်းမှာ ၉၇ ဖြစ်သည်။ ထို့ကြောင့် . . .

၁၁ × ၉၇ = **၁၀၆၇**

၁၈။ ပုံ ၃

အပေါ်ဆုံးအတန်း လက်ဝဲဘက် ပဥ္စဂံကို မှန်ထောင်ကြည့်သော် မှန်ထဲမှာ မြင်ရမည့် ပုံရိပ် (mirror image) သည် ယင်းအတန်း လက်ယာဘက် ပဥ္စဂံပုံ ဖြစ်၏။

ထို့ကြောင့် ဒုတိယအတန်းရှိ ပဥ္စဂံ၏ mirror image မှာ လိုအပ်နေသောပုံ ဖြစ်၏။ ယင်းမှာ ပုံ **၃** ဖြစ်သည်။

http://www.cherrythitsar.org



၁၉။ WET

LEA နှင့် PIE တို့၏ ဆက်စပ်မှုကို စိစစ်သော် L နှင့် P, E နှင့် I, A နှင့် E တို့အကြားတွင် စာလုံး ၃ လုံးစီ ရှိကြသည်ကို အောက်ပါအတိုင်း တွေ့ရှိရ၏။

**L** M N O **P**

**E** F G H **I**

**A** B C D **E**

ထို့အတူ . . .

**S** T U V **W**

**A** B C D **E**

**P** Q R S **T** ဖြစ်ရာ လိုအပ်နေသော စကားလုံးမှာ **WET** ဖြစ်၏။

၂၀။ ပြော၊ ပြီး၊ တီး၊ မြည်။

'မပြောမပြီး မတီးမမြည်'

၂၁။ ဧယျာ

၂၂။ ၈၁

၈၁ ၏ နှစ်ထပ်ကိန်းရင်းမှာ ၉ ဖြစ်သည်။

၂၃။ ၆

ပထမတြိဂံ၏ ဗဟိုရှိကိန်းသည် တြိဂံတစ်ခုချင်းမှ ထိပ်ထောင့်ရှိကိန်းများ၏ ပေါင်းလဒ် ဖြစ်သည်။

၆ + ၃ + ၈ = ၁၇

http://www.cherrythitsar.org



ဒုတိယတြိဂံ၏ ဗဟိုရှိကိန်းသည် တြိဂံတစ်ခုချင်းမှ ဘယ်ထောင့်ရှိကိန်းများ၏ ပေါင်းလဒ် ဖြစ်သည်။

၇ + ၈ + ၉ = ၂

သို့ဖြစ်လျှင် တတိယတြိဂံ၏ ဗဟိုရှိကိန်းသည် တြိဂံတစ်ခုချင်းမှ ညာထောင့်ရှိကိန်းများ၏ ပေါင်းလဒ် ဖြစ်ရမည်။


၂ + ၃ + ၃ = **၆**

၂၄။ အက္ခရာစဉ်လိုက်စီသော် အောက်ပါအတိုင်း ရရှိ၏။

ABALONE
ABANDON
ABDICATE
ABDOMEN
ABOUND
ABROGATE
ABSCOND

၂၅။ ၁၆

ကိန်းစဉ် ၂ ခု ရောနေပါသည်။ ကိန်းစဉ်တစ်ခုမှာ ၁၀ ဖြင့် စပြီး ရှေ့ကိန်းမှ ၁ နုတ်သော် နောက်ကိန်းကို ရ၏။ နောက်ကိန်းစဉ် တစ်ခုမှာ ၁ ဖြင့် စပြီး ရှေ့ကိန်းမှာ ၅ ပေါင်းသော် နောက်ကိန်းကို ရ၏။



http://www.cherrythitsar.org



၂၆။ ပုံ ၃

ပုံ ၁ ကို ၉၀° လှည့်လိုက်သော် ပုံ ၅ ကိုရသည်။ ထို့ကြောင့် ပုံ ၁ နှင့် ၅ တို့မှာ တစ်တွဲ ဖြစ်၏။

ပုံ ၂ ကို ၉၀° လှည့်လိုက်သော် ပုံ ၄ ကို ရသဖြင့် ပုံ ၂ နှင့် ၄ တို့မှာ တစ်တွဲ ဖြစ်၏။

ထို့ကြောင့် ပုံ **၃** မှာ တွဲဖက်မရှိ တစ်မူထူးသည့်ပုံ ဖြစ်၏။

၂၇။ ၈၁၂

ဘယ်နှင့်ညာကိန်းပါ ဂဏာန်းများအပေါ် အခြေခံပြီး အလယ်ကိန်းကို ရရှိသည်။

အတန်းတစ်တန်းရှိ ဘယ်ကိန်း နောက်ပိတ်ဂဏာန်းနှင့် ညာကိန်း ထိပ်စီးဂဏာန်းတို့၏ ပေါင်းလဒ်မှာ ဂဏာန်းတစ်လုံးတည်းဆိုလျှင် ယင်းမှာ အလယ်ကိန်း၏ ထိပ်စီးဂဏာန်း ဖြစ်ပြီး၊ ဂဏာန်းနှစ်လုံးဆိုလျှင် အလယ်ကိန်း၏ 'ရာ' ဂဏာန်းနှင့် 'ဆယ်' ဂဏာန်းတို့ ဖြစ်ကြ၏။

ထို့အတူ ဘယ်ကိန်း ထိပ်စီးဂဏာန်းနှင့် ညာကိန်း နောက်ပိတ်ဂဏာန်းတို့၏ ပေါင်းလဒ်မှာ ဂဏာန်းတစ်လုံးတည်းဆိုလျှင် ယင်းမှာ အလယ်ကိန်း၏ နောက်ပိတ်ဂဏာန်း ဖြစ်ပြီး၊ ဂဏာန်းနှစ်လုံးဆိုလျှင် အလယ်ကိန်း၏ 'ဆယ်' ဂဏာန်းနှင့် 'ခု' ဂဏာန်းတို့ဖြစ်ကြ၏။

အပေါ်တန်း ၇ + ၂ = ၉
၃ + ၂ = ၅
→ ၉၅

http://www.cherrythitsar.org



အလယ်တန်း ၈ + ၂ = ၁၀
၅ + ၁ = ၆
→ ၁၀၆

အောက်တန်း ၆ + ၂ = ၈
၉ + ၃ = ၁၂
→ **၈၁၂**

၂၈။ ၅၉၂

၄ ၈ ၃ ၇ ၅ ၉ ၂ ၆ ဂဏန်း ၈ လုံးကို ၄ မှ စတင်ပြီး ၃ လုံး တစ်တွဲ အောက်ပါအတိုင်း ပတ်လည်စီထားခြင်း ဖြစ်သည်။

၄၈၃
၇၅၉
၂၆၄
၈၃၇
**၅၉၂**

၂၉။ ၃ ချပ်

A ကို C ရှေ့သို့ ရွှေ့သော် A C B E F D
B ကို A နှင့် C အကြား ရွှေ့သော် A B C E F D
D ကို C နှင့် E အကြား ရွှေ့သော် **A B C D E F**

http://www.cherrythitsar.org




၁

၃၀။ INTELLIGENCE

9 = I
14 = N
20 = T
5 = E
12 = L
12 = L
9 = I
7 = G
5 = E
14 = N
3 = C
5 = E

စာလုံး ၂၆ လုံးသာ ရှိသဖြင့် alphanumeric value မှာ A = 1 မှ Z = 26 အထိသာ ရှိသည်။ 91, 42, 0 စသည်တို့ မရှိကြပါ။

၃၁။ ၇ စိတ်



၃၂။ ၇

၇၂၆
၅၇၃
\+ ၉၇၁
---
၂၂၇၃

http://www.cherrythitsar.org



၃၃။ ၇ ယူနစ်

O ဗဟိုရှိသော စက်ဝိုင်းနှင့် P ဗဟိုရှိသော စက်ဝိုင်းတို့၏ အချင်းဝက်များကို ပေါင်းသော် OP ကို ရရှိသည်။

O ဗဟိုရှိသော စက်ဝိုင်း၏ အချင်းမှာ ၈ ယူနစ် ရှိသဖြင့် အချင်းဝက်မှာ ၄ ယူနစ် ရှိ၏။

P ဗဟိုရှိသော စက်ဝိုင်း၏ အချင်းမှာ ၆ ယူနစ် ရှိသဖြင့် အချင်းဝက်မှာ ၃ ယူနစ် ရှိ၏။ ထို့ကြောင့် –

OP = ၄ + ၃ = **၇** ယူနစ်

၃၄။ HIDE

HIDE (noun) = SKIN


HIDE (verb) = CONCEAL

၃၅။ 2N1E မှ စတင်ရမည်။ ယင်းအကွက်မှ မြောက်စူးစူးသို့ ၂ ကွက် ရွှေ့ပြီးနောက် အရှေ့စူးစူးသို့ ၁ ကွက် ရွှေ့လျှင် 2S သို့ ရောက်မည်။ တစ်ဖန် ထိုအကွက်မှ တောင်စူးစူးသို့ ၂ ကွက်ရွှေ့လျှင် 2W1N သို့ ရောက်ပါမည်။ ဤအတိုင်း ဆက်သွားသော် နောက်ဆုံး 1S1E မှတစ်ဆင့် T သို့ ရောက်ပါမည်။ လမ်းကြောင်းမှာ အောက်ပါအတိုင်း ဖြစ်၏။

| | | |
|---|---|---|
| ၈ | ၆ | ၂ |
| ၄ | T | ၇ |
| ၅ | ၁ | ၃ |

၁

၃၆။ စက်ဝိုင်းများကို အောက်ပါအတိုင်း အမှတ်စဉ် ရေးထိုးရပါမည်။




၃၇။ ပုံ C

စက်ဝိုင်းနှင့် စတုရန်းတို့ကို အလှည့်ကျ စီထားသည်။ စက်ဝိုင်း၏ အရွယ်အစားသည် ကြီးရာမှ ငယ်သွားသည်။ စတုရန်းကမူ ငယ်ရာမှ ကြီးလာသည်။ သို့ကြောင့် ပုံ **C** မှာ လိုအပ်နေသောပုံ ဖြစ်၏။

၃၈။ တြိဂံပေါင်း ၃၂ ခု ရှိသည်။

၃၉။ အတန်း B

ပထမအတန်းမှ တတိယနှင့် ပဥ္စမ အမှတ်အသားတို့ကို နောက်ဆုံး ၂ ကွက်သို့ ရွှေ့လိုက်လျှင် ဒုတိယအတန်းကို ရသည်။ အလားတူ ဒုတိယအတန်းမှ တတိယနှင့် ပဥ္စမ အမှတ်အသားတို့ကို နောက်ဆုံး ၂ ကွက်သို့ ရွှေ့လိုက်လျှင် တတိယအတန်းကို ရသည်။ သို့ကြောင့် တတိယအတန်းမှ တတိယနှင့် ပဥ္စမ အမှတ်အသားတို့ကို

http://www.cherrythitsar.org



နောက်ဆုံး ၂ ကွက်သို့ ရွှေ့လိုက်လျှင် စတုတ္ထမြောက်အတန်းအဖြစ် **B** ကိုရသည်။ ၁

၄၀။ ၈၇ မှတ်

| ယှဉ်ပြိုင်သူဦးရေ | | ရမှတ် | | ရမှတ်ပေါင်း |
|---|---|---|---|---|
| ၅ | × | ၇၀ | = | ၃၅၀ |
| ၂၀ | × | ၈၀ | = | ၁၆၀၀ |
| ၁၀ | × | ၉၀ | = | ၉၀၀ |
| ၁၅ | × | ၁၀၀ | = | ၁၅၀၀ |
| စုစုပေါင်း ၅၀ | | | | ၄၃၅၀ |

ပျမ်းမျှရမှတ် = ၄၃၅၀ ÷ ၅၀ = **၈၇**

# ဉာဏ်စမ်းလွှာ (၂)
# အဖြေနှင့် ရှင်းလင်းချက်များ

၁။ ပုံ ၂

ပုံ ၂ မှအပ ကျန်ရှိသည့်ပုံများတွင် အပြင်ဘက်ပိုကျသော (outer) အမှတ်အသားနှင့် အတွင်းဘက်ပိုကျသော (inner) အမှတ်အသားတို့မှာ အမျိုးတူများ ဖြစ်ကြသည်။ ဥပမာ – ပုံ ၁ တွင် outer သည် စက်ဝိုင်း ဖြစ်သလို inner သည်လည်း စက်ဝိုင်း ဖြစ်၏။

ပုံ ၂ တွင်မူ outer သည် ပဉ္စဂံ ဖြစ်နေပြီး inner သည် တြိဂံ ဖြစ်နေ၏။ ထို့ကြောင့် ပုံ ၂ သည် ကျန်ရှိသည့်ပုံများနှင့် မတူတစ်မူထူးသည်ဟု ဆိုရပေမည်။

၂။ စည်း

စည်း (နာမ်) = နယ်နိမိတ်

စည်း (ကြိယာ) = ချည်နှောင်

၃။ ပုံ ၂

အတန်းလိုက်ဖြစ်စေ၊ ကော်လံအလိုက်ဖြစ်စေ အဝိုင်း၊ မှန်ကူကွက်နှင့် ဘဲဥပုံ အမှတ်အသား တစ်မျိုးစီ ပါရှိပြီး၊ ယင်းတို့အနက်

http://www.cherrythitsar.org



အမှတ်အသားတစ်ခုသည် အမည်းရောင် ဖြစ်၏။

ညာဘက်အစွန်ကော်လံနှင့် အောက်ဆုံးအတန်းမှ အကွက်များတွင် အဝိုင်းနှင့် ဘဲဥပုံတို့ ပါရှိပြီးဖြစ်သည်။ သို့ကြောင့် လိုအပ်သော အမှတ်အသားမှာ မှန်ကူကွက် ဖြစ်ပြီး၊အရောင်အသွေးအားဖြင့် အမည်း ဖြစ်ရပါမည်။ ယင်းလိုအပ်ချက်များနှင့် ညီညွတ်သောပုံမှာ ၂ ဖြစ်၏။

၄။ ပုံ ၁

အပေါ်တန်း လေးထောင့်ကွက်များအတွင်းမှ အမည်းစက်နှင့် စက်ဝိုင်းတို့၏ ရွေ့လျားပုံကို အခြေခံပြီး လိုအပ်သောပုံကို ရှာရပါမည်။

အမည်းစက်သည် လက်ယာရစ် (clockwise) ထောင့်တစ်ခုမှ နောက်တစ်ခုသို့ ရွေ့သွားသည်။ စက်ဝိုင်းကမူ clockwise ထောင့်တစ်ခုခြား ရွေ့သွား၏။

သို့ဖြစ်လျှင် အပေါ်တန်း တတိယပုံမှ အမည်းစက်သည် နောက်တစ်ပုံတွင် အောက်ခြေဘယ်ထောင့်သို့လည်းကောင်း၊ စက်ဝိုင်းသည် အပေါ်ဘယ်ထောင့်သို့လည်းကောင်း အသီးသီးရွေ့သွားမည်ဖြစ်၏။ ယင်းအချက်များနှင့် ကိုက်ညီသောပုံမှာ **၁** ဖြစ်၏။

၅။ REEF

ပေးထားသော စကားလုံး ၃ လုံးကို အောက်ပါအတိုင်း တစ်ဆက်တည်း ရေးသွားလျှင် ONE, TWO ဟူသော စကားလုံးများကို ရရှိသဖြင့် နောက်ဆက်တွဲ စကားလုံး THREE ရရှိအောင် REEF ကို ဆက်ရေးရပါမည်။

CART(ONE)NJOYMEN(TWO)RDSMI(THREE)F

ထို့ကြောင့် အဖြေမှာ **REEF** ဖြစ်၏။

http://www.cherrythitsar.org




၆။ ပုံ C

၂ တြိဂံပုံ အဆင့်ဆင့်စီထားသော စက်ဝိုင်းများအနက် အတန်းတစ်တန်းမှ စက်ဝိုင်းနှစ်ဝိုင်းကို အခြေ ( base) စက်ဝိုင်းများအဖြစ်လည်းကောင်း၊ ယင်းတို့နှင့်ကပ်လျက် အပေါ်တန်းမှ စက်ဝိုင်းတစ်ဝိုင်းကို အထွတ် (apex) စက်ဝိုင်းအဖြစ်လည်းကောင်း သုံးပွင့်ဆိုင်ဖွဲ့စည်းလေ့လာပြီး အဖြေရှာရသည်။

ထိုသို့လေ့လာပါက အခြေစက်ဝိုင်းများမှ နေရာတူ၊ အမျိုးအစားတူ၊ အရွယ် အစားတူ၊ အရောင်အသွေးတူ အမှတ်အသားတို့ကို ချန်လှပ်ပြီး တစ်ကြိမ်စီသာပါရှိသေးသည့် အမှတ်အသားများကိုသာ အထွတ်စက်ဝိုင်းတွင် ထည့်သွင်းထားသည်ကို တွေ့ရပါမည်။

ထို့ကြောင့် ဒုတိယအပေါ်တန်းရှိ စက်ဝိုင်းနှစ်ခုစလုံးတွင် ပါရှိသည့် အမည်းစက်တို့ကို ချန်လှပ်ပြီး ကျန်အမှတ်အသားများကိုသာ ယူလျှင် အောက်တွင် ဖော်ပြထားသလို ပုံ C ကို ရမည်။ ယင်းမှာ လိုအပ်သောအဖြေ ဖြစ်၏။




၇။ ၄

ကိန်းများက အမေးဝါကျမှ စကားလုံးတစ်လုံးစီတွင်

http://www.cherrythitsar.org





ပါရှိသော ဗျည်း အက္ခရာ ( consonant ) အရေအတွက်ကို ဖော်ပြ၏။

ပထမ စကားလုံး what မှာ w, h, t ဗျည်း ၃ လုံး

ဒုတိယ စကားလုံး with မှာ w, t, h ဗျည်း ၃ လုံး

တတိယ စကားလုံး reference မှာ r, f, r, n, c ဗျည်း ၅ လုံး သို့ဆိုလျှင် လိုအပ်နေသောကိန်းမှာ ၁၃ လုံးမြောက်ဖြစ်ရာ အမေး ဝါကျ၏ ၁၃ လုံးမြောက် စကားလုံး ဖြစ်သည့် sequence မှာ s, q, n, c ဗျည်း ၄ လုံး ရှိသောကြောင့် အဖြေသည် **၄** ဖြစ်၏။

၈။ ၃၀

−၈ + (၆ × ၈) − (၂ × ၅) = x

− ၈ + ၄၈ −၁၀ = x

**၃၀** = x

၉။ သံလက်

သံလက်မှာ ပန်းရံသုံးကိရိယာ ဖြစ်သည်။ ကျန်ရှိသည်တို့မှာ လက်သမားသုံးကိရိယာများ ဖြစ်ကြသည်။

၁၀။ ၂၃

ရှေ့ကိန်းမှ အကြီးဆုံး ဂဏန်းကို ချန်လှပ်ပြီး ကျန်ဂဏန်းများကို ရှေ့နောက်ပြောင်းပြန် ( reverse ) စီသော် နောက်ကိန်းကို ရသည်။

၅၃၄၇၂ မှ ၇ ကို ချန်ထားပြီး ကျန်ဂဏန်းများကို reverse စီသော် ၂၄၃၅ ကို ရ၏။

တစ်ဖန် ၂၄၃၅ မှ ၅ ကို ချန်ထားပြီး ကျန်ဂဏန်းများကို reverse စီသော် ၃၄၂ ကို ရ၏။

အလားတူ ၃၄၂ မှ ၄ ကို ချန်ထားပြီး ကျန်ဂဏန်းများကို reverse စီသော် **၂၃** ကို ရ၏။

http://www.cherrythitsar.org





၁၁။ မီး၊ မီး၊ ရေ၊ ရေ

“မီးများမီးနိုင်၊ ရေများရေနိုင်”

၁၂။ EVACUATION

ကျန်စကားလုံးများတွင် သရ a, e, i, o, u တစ်ကြိမ်စီသာ ပါရှိသည်။ **EVACUATION** တွင် a နှစ်ကြိမ် ပါရှိသည်။

၁၃။ ပုံ ၃

ကျန်ပုံများတွင် အနားလေးဘက်ပါသောပုံအတွင်း လုံးဝန်းသောပုံ ရှိသည်။ ပုံ **၃** တွင်မူ လုံးဝန်းသောပုံအတွင်း အနားလေးဘက်ပါသောပုံ ရှိနေ၏။

၁၄။ ကသောက်ကရောက်၊ ကပေါက်တိကပေါက်ချာ

အဓိပ္ပာယ်မှာ “အစီအစဉ်မကျဘဲ၊ အကျိုးအကြောင်းဆက်စပ်မှုမရှိဘဲ” ဖြစ်၏။

၁၅။ ၇ ကျပ် ၅၀ ပြား

ဘူးခွံထုတ်လုပ်မှုစရိတ် = x ကျပ် ဖြစ်သည်ဟု ဆိုလျှင်

အားဖြည့်အချိုရည် ထုတ်လုပ်မှုစရိတ် = x + ၁၀၅

ထို့ကြောင့် . . .

x + x + ၁၀၅ = ၁၂၀


၂ x = ၁၂၀ – ၁၀၅

x = **၇ ကျပ် ၅၀ ပြား**

၁၆။ ၂


ပေးထားသော ကိန်းဂဏန်းများက ယင်းတို့သည် စတုဂံ

ဘယ်နှကွက်အတွင်း ရှိနေကြသည်ကို ဖော်ပြ၏။ ? သည် အောက်တွင် ဖော်ပြထားသလို စတုဂံ ၂ ကွက်အတွင်းမှာ ရှိနေသဖြင့် လိုအပ်သောအဖြေမှာ ၂ ဖြစ်၏။ ၂




၁၇။ ၂

ကိန်းစဉ် ၂ ခု ရှိသည်။ ကိန်းစဉ်တစ်ခုက ၇ ဖြင့် စပြီး ရှေ့ကိန်းမှာ ၁ ပေါင်းလျှင် နောက်ကိန်းကို ရ၏။ နောက်ကိန်းစဉ်တစ်ခုမှာ ၁၄ ဖြင့် စပြီး ရှေ့ကိန်းမှ ၄ နှုတ်လျှင် နောက်ကိန်းကို ရ၏။




၁၈။ LIGHT

DARK = အမှောင်

LIGHT = အလင်း

LIGHTHOUSE = မီးပြတိုက်

http://www.cherrythitsar.org



၁၉။ ပုံ C

ပထမနှင့် တတိယအလံတို့မှာ ဘယ်ဘက်သို့လွင့်နေပြီး ယင်းတို့၏ အမည်းကွက်နှင့် အဖြူကွက်တို့မှာ အပြန်အလှန် နေရာပြောင်းသွား၏။ သို့ဆိုလျှင် နောက်ဆက်တွဲအလံသည် ဒုတိယအလံကဲ့သို့ ညာဘက်သို့ လွင့်နေပြီး ဒုတိယအလံမှ ကန့်လန့်ဖြတ်မျဉ်းသည် ဘယ်မှညာသို့ ပြောင်းသွားရမည်။ ယင်းမှာ ပုံ **C** ဖြစ်၏။

၂၀။ ၃၀

ဘယ်အစွန်ကိန်းနှင့် အပေါ်ထိပ်ကိန်းတို့၏ မြှောက်လဒ်တွင် ညာအစွန်ကိန်းကို ပေါင်းသော် အလယ်ကိန်းကို ရရှိသည်။

( ၆ × ၈ ) + ၉ = ၅၇

(၁၂ × ၃ ) + ၇ = ၄၃

( ၇ × ၄ ) + ၂ = **၃၀**

၂၁။ ၂၉၄

ကျန်ကိန်းများကို ဂဏန်းတူများ ပါဝင်သည့်ကိန်းများ အဖြစ် အောက်ပါအတိုင်း ၂ လုံး တစ်တွဲ တွဲဖက်နိုင်သည်။ ၂၉၄ မှာ တွဲဖက် မရှိပါ။

၅၆၃ . . . ၆၃၅

၅၉၄ . . . ၉၄၅

၅၇၂ . . . ၇၅၂

၈၃၂ . . . ၂၈၃

၉၁၆ . . . ၁၉၆

၆၇၁ . . . ၁၇၆

၂၉၈ . . . ၈၂၉

http://www.cherrythitsar.org





၂၂။ ပုံ D

အပေါ်တန်းလက်ဝဲဘက်ပုံမှ လွတ်နေသော စက်ဝိုင်း ၂ ဝိုင်းကို မျဉ်းဖြောင့်တစ်ကြောင်းဖြင့် ဆက်လိုက်ပြီး ကျန်စက်ဝိုင်းနှင့် ယင်းတို့၏ဆက်မျဉ်းများကို ချန်ထားလိုက်လျှင် လက်ယာဘက်ပုံကို ရသည်။

အလားတူ အလယ်တန်းလက်ဝဲဘက်ပုံမှ လွတ်နေသော စက်ဝိုင်း ၂ ဝိုင်းကို မျဉ်းဖြောင့်တစ်ကြောင်းဖြင့် ဆက်လိုက်ပြီး ကျန်စက်ဝိုင်းများနှင့် ဆက်မျဉ်းများကို ချန်ထားလိုက်လျှင် ပုံ **D** ကို ရမည်။ ယင်းမှာ လိုအပ်နေသောပုံ ဖြစ်၏။

၂၃။ M

၂ လုံးခြား စီထားသော အက္ခရာစဉ် ဖြစ်သည်။

**A** B C **D**
**D** E F **G**
**G** H I **J**
**J** K L **M**

၂၄။ ပုံ C

မူလပုံကို အထက်အောက်လှန်လိုက်ပြီး အလျားလိုက် ဘဲဥပုံအတွင်းမှ အမည်းစက် ၂ စက်ကို ဘယ်ညာနေရာ ပြောင်းလိုက်လျှင် ပုံ C ကို ရသည်။ ထို့ကြောင့် မူလပုံနှင့် အနီးစပ်ဆုံးပုံမှာ ပုံ **C** ဖြစ်၏။

၂၅။ ပုံ B

နာရီဒိုင်ခွက် A ၏ mirror image မှာ ဒိုင်ခွက် D ဖြစ်ရာ A နှင့် D မှာ တစ်တွဲ ဖြစ်၏။

အလားတူ နာရီဒိုင်ခွက် C ၏ mirror image မှာ ဒိုင်ခွက် E

http://www.cherrythitsar.org



ဖြစ်ရာ C နှင့် E မှာ တစ်တွဲ ဖြစ်၏။

ထို့ကြောင့် ပုံ B သည် အတွဲမရှိ တစ်မူထူး၏။

J

၂၆။ ၆

ကော်လံတစ်ခုမှ အကြီးဆုံးကိန်းသည် ထိုကော်လံရှိ ကျန်ကိန်း ၃ လုံး၏ ပေါင်းလဒ်နှင့် ညီမျှသည်။

၆ + ၃ + ၄ = ၁၆

၈ + ၁ + ၆ = ၁၅

၉ + ၄ + ၄ = ၁၇

သို့ဖြစ်လျှင် . . .

၁၀ + ? + ၅ = ၂၁

? = ၂၁ – ၁၅ = **၆**

၂၇။ ပုံ C

၂၈။ J

စာလုံးများ၏ alphanumeric value တို့အပေါ် အခြေခံပြီး အဖြေကို ရှာရပါမည်။

အတန်းတစ်တန်းရှိ ပထမစာလုံး၏ alphanumeric value မှ ဒုတိယစာလုံး၏ alphanumeric value ကို နှုတ်သော် တတိယစာလုံး၏ alphanumeric value ကို ရသည်။

K (11) - H ( 8) = C ( 3)

Q (17) - G ( 7) = J (10)

L (12) - B ( 2) = **J** (10)


W (23) - S (19) = D ( 4)

၂၉။ ပုံ C

ပုံ C ၏ ကတော့ချွန် ရေခဲမုန့် (ice-cream cone) ပုံမှာ အမည်းစက်နှစ်စက် ရှိသည်။ ကျန်ကတော့ချွန် ရေခဲမုန့်ပုံများတွင် အမည်းစက်တစ်စက်စီသာ ရှိကြသည်။

၃၀။ F

R မှ ၂ လုံးခြား နောက်ပြန် (backward) ခုန်သွားသော စာလုံးများ ဖြစ်ကြသည်။




၃၁။ ပုံ D

Outer မျက်နှာပုံ ၄ ခုအနက် ၃ ခုမှ ပုံစံတူ၊ နေရာတူ၊ အရောင်တူ မျက်လုံး၊ နှာခေါင်း၊ နှုတ်ခမ်းတို့ကို ပေါင်းစပ်ပြီး inner မျက်နှာကို ရေးဆွဲထားခြင်း ဖြစ်သည်။

ထို့ကြောင့် အမေးလက္ခဏာ ပြထားသော မျက်နှာပတ်ပတ်လည်ရှိ outer မျက်နှာပုံ ၃ ခုမှာ ပါရှိသော အပြုံးနှုတ်ခမ်း၊ အမည်းနှာခေါင်း၊ ဘယ်ညာ အဖြူမျက်လုံးတို့ကို ပေါင်းစပ်ရေးဆွဲသော် ပုံ **D** ကို ရပါမည်။ ယင်းမှာ လိုအပ်နေသောအဖြေ ဖြစ်၏။

၃၂။ ပုံ 3 B


ပုံ 3 B တွင် ပုံ B မှ ဆဋ္ဌဂံ၏ အလယ်ဗဟိုရှိ အမည်းစက် ပျောက်နေသည်။

http://www.cherrythitsar.org



၃၃။ ၃၆

ရှေ့ကိန်းနှင့် နောက်ကိန်း အသီးသီး၏ ခြားနားချက်များမှာ ၂, ၃, ၄, ၅, ၆, ၇ တို့၏ နှစ်ထပ်ကိန်းများ ဖြစ်ကြသည်။




၃၄။ ပုံ D

ဘယ်ဘက်ပုံ ဘယ်ခြမ်း စတုရန်းကွက် အတွင်းသို့ အလယ်ရှိ ငါးမျှားချိတ် အမှတ်အသားကို ထည့်သွင်းပြီး ယင်းပုံနှစ်ခုစလုံးကို ညာခြမ်း စတုရန်းကွက်အတွင်းသို့ ထပ်မံသွင်းလိုက်သော် ညာဘက်ပုံကို ရရှိ၏။

အလားတူ ဘယ်ခြမ်း စက်ဝိုင်းအတွင်းသို့ အလယ်ရှိ မြား အမှတ်အသားကို ထည့်သွင်းပြီး ယင်းတို့နှစ်ခုစလုံးကို ညာခြမ်း စက်ဝိုင်းမည်းအတွင်းသို့ ထပ်မံသွင်းလိုက်သော် ပုံ D ကို ရရှိ၏။ ယင်းမှာ လိုအပ်နေသောပုံ ဖြစ်၏။

၃၅။ ၁၂၀

အပေါ်ညာကိန်းနှင့် အောက်ဘယ်ကိန်းတို့၏ ခြားနားချက်ကို ကျန်ကိန်းများဖြင့် မြှောက်သော် အလယ်ကိန်းကို ရသည်။

$$(၁၂ - ၈) \times ၄ \times ၄ = ၆၄$$

$$(၉ - ၃) \times ၃ \times ၁၂ = ၂၁၆$$

http://www.cherrythitsar.org



( ၉ – ၆) × ၂၀ × ၂ = **၁၂၀**



၃၆။ ၁၂

၃၇။ အနီရောင်ဘောလုံး

ဘောလုံးများကို အောက်တွင် ဖော်ပြထားသလို စီထားၡ်။

| | | | |
|---|---|---|---|
| ဝါ | နီ | စိမ်း | ပြာ |

၃၈။ ၉ ယူနစ်အလေး

၇ ယူနစ်နှင့် ၃ ယူနစ် အလေးချိန်ရှိသော ပစ္စည်း ၂ ခုသည် ချိန်ခွင်ဘယ်လက်တံ စကေးအမှတ် ၆ နှင့် ၄ တို့တွင် အသီးသီး ရှိနေကြသည်။ သို့ကြောင့် ဘယ်လက်တံ၏ . . .

စုစုပေါင်း ယူနစ်စကေး = (၇ × ၆) + ( ၃ × ၄)

= ၅၄

သို့ဖြစ်လျှင် ချိန်ခွင်လက်တံ တစ်တန်းတည်း ဖြစ်နေစေရန် ညာလက်တံ၏ စုစုပေါင်း ယူနစ်စကေးမှာလည်း ၅၄ ဖြစ်ရမည်။ အလေးတစ်မျိုးတည်းကိုသာ အသုံးပြုရမည်ဟု ကန့်သတ်ထားသဖြင့် အသုံးပြုရမည့် အလေးမှာ ၅၄ ၏ ဆခွဲကိန်းများ ဖြစ်သော ၆ သို့မဟုတ် ၉ ဖြစ်ရမည်။

၆ ကို အလေးအဖြစ် အသုံးပြုမည်ဆိုလျှင် ၉ သည် စကေးအမှတ် ဖြစ်ရမည်။ သို့သော် ချိန်ခွင်၏ အကြီးဆုံး စကေးအမှတ်မှာ ၇ ဖြစ်ရာ ၉ သည် စကေးအမှတ် မဖြစ်နိုင်ပါ။ ထို့ကြောင့် ၉ ယူနစ်ကို အလေးအဖြစ် အသုံးပြုပြီး စကေးအမှတ် ၆ တွင် ချိတ်ဆွဲရပါမည်။

http://www.cherrythitsar.org





၃၉။ မတ်လ

လအလိုက်ရောင်းအား တိုးတက်မှုနှုန်းကို ဤသို့တွက်ရသည်။

$$\text{လအလိုက်ရောင်းအား တိုးတက်မှုနှုန်း} = \frac{\text{ယခုလ ရောင်းအား} - \text{ယခင်လ ရောင်းအား}}{\text{ယခင်လရောင်းအား}} \times ၁၀၀$$

$$\text{ဖေဖော်ဝါရီ} = \frac{၃ - ၂}{၂} \times ၁၀၀ = ၅၀\%$$

$$\textbf{မတ်} = \frac{၅ - ၃}{၃} \times ၁၀၀ = \mathbf{၆၇\%}$$

$$\text{ဧပြီ} = \frac{၆ - ၅}{၅} \times ၁၀၀ = ၂၀\%$$

$$\text{မေ} = \frac{၉ - ၆}{၆} \times ၁၀၀ = ၅၀\%$$

$$\text{ဇွန်} = \frac{၈ - ၉}{၉} \times ၁၀၀ = -၁၁\%$$

၄၀။ ပုံ D

ပုံတွင်ဖော်ပြထားသော ဗဟုဂံ၏ အစိတ်အပိုင်းများကို ဆန်းစစ်သော် အစိတ်အပိုင်းတစ်ခု၏ mirror immage သည် ယင်းနှင့် မျက်နှာချင်းဆိုင် အစိတ်အပိုင်း ဖြစ်နေသည်ကို တွေ့ရပါမည်။

သို့ဖြစ်လျှင် ကွက်လပ်နှင့် မျက်နှာချင်းဆိုင် အစိတ်အပိုင်း၏ mirror immage သည် ဖြည့်စွက်ရမည့် အစိတ်အပိုင်း ဖြစ်ပါမည်။ ယင်းမှာ ပုံ D ဖြစ်၏။

## ဉာဏ်စမ်းလွှာ (၃)
## အဖြေနှင့်ရှင်းလင်းချက်များ

၁။ ၆

၃၆၈ ၏ ဆခွဲကိန်းများမှာ ၂၃ နှင့် ၁၆ တို့ ဖြစ်ကြသည်။ ၃, ၆, ၈, ၂၃ နှင့် ၁ တို့ကို ကုဒ်နံပါတ်များအဖြစ် အသုံးပြုပြီးဖြစ်ရာ ကျန်ရှိနေသေးသော ကွန်ပျူတာအတွက် ကုဒ်နံပါတ်မှာ **၆** ဖြစ်ရပါမည်။

၂။ ဩဂုတ်

ဩဂုတ်မှအပ ကျန်ရှိသည်တို့၏ လအမည်များမှာ 'ဘာ' ဟူသော စကားလုံးဖြင့် အဆုံးသတ်ကြသည်။

၃။ ပုံ C

စတုရန်း၏ အစိတ်အပိုင်းတစ်ခုသည် မျက်နှာချင်းဆိုင် အစိတ်အပိုင်း၏ mirror image ဖြစ်သည်။ ထို့ကြောင့် ကွက်လပ်ဖြစ်နေသော မျက်နှာချင်းဆိုင် အစိတ်အပိုင်း၏ mirror image ဖြစ်သည့် ပုံ **C** ကို ရွေးချယ်ဖြည့်စွက်ရပါမည်။

http://www.cherrythitsar.org




၄။ ∞

၅။ ၁၆

၆။ ပုံ F

ပုံ F မှအပ ကျန်ပုံများတွင် မူရင်းပုံနည်းတူ ကြယ်ပွင့်ဖြူနှင့် ကြယ်ပွင့်မည်း၊ အမည်းစက်နှင့် အဖြူစက်တို့ မျက်နှာချင်းဆိုင်ရှိနေကြသည်။

ပုံ F တွင်မူ ကြယ်ပွင့်ဖြူနှင့် အဖြူစက်၊ ကြယ်ပွင့်မည်းနှင့် အမည်းစက်တို့ မျက်နှာချင်းဆိုင်ရှိနေကြသည်။

၇။ ၄၄

စတုရန်း၏ ဝဲဘက်အခြမ်း အပေါ်အောက်ကိန်း ၂ လုံး၏ မြှောက်လဒ်မှ ယာဘက်အခြမ်း အပေါ်အောက်ကိန်း ၂ လုံး၏ မြှောက်လဒ်ကို နုတ်သော် စတုရန်းအတွင်းရှိကိန်းကို ရသည်။

(၆ × ၇) – (၃ × ၅) = ၂၇

(၇ × ၇) – (၅ × ၆) = ၁၉

(၉ × ၅) – (၆ × ၄) = ၂၁

(၈ × ၇) – (၂ × ၆) = **၄၄**

၈။ ပုံ C

မူရင်းပုံတွင် စက်ဝိုင်းကြီးအတွင်း အမည်းစက်တစ်စက်နှင့် အဖြူစက်ဝိုင်းငယ်တစ်ဝိုင်း ရှိနေကြသည်။ ထို့ပြင် အမည်းစက်ဝိုင်းငယ်တစ်ဝိုင်းနှင့် အဖြူစက်ဝိုင်းငယ်တစ်ဝိုင်း၏ တစ်စိတ်တစ်ပိုင်းတို့ကလည်း စက်ဝိုင်းကြီးအတွင်းမှာ ရှိနေသေး၏။

ထိုအချက်အလက်များနှင့် အနီးစပ်ဆုံးပုံမှာ C ဖြစ်၏။

http://www.cherrythitsar.org



၉။ ပုံ A

၁။ အပေါ်တန်း ဝဲဘက်စက်ဝိုင်း ဗဟိုရှိ ● ၊ ၁၂ နာရီ အနေအထားရှိ ○ နှင့် ၃ နာရီနှင့် ၆ နာရီအကြား • အမှတ်အသားတို့ သည်လည်းကောင်း၊ အောက်တန်း ဝဲဘက်စက်ဝိုင်း ၉ နာရီ အနေအထားရှိ ● အမှတ်အသားသည်လည်းကောင်း တစ်ကြိမ်စီသာ ပါရှိသေးသဖြင့် အတွင်းစက်ဝိုင်းတွင် ထည့်သွင်းရေး ဆွဲရမည်။ (စည်းကမ်းချက် ၁ အရ)

၂။ အပေါ်တန်း ယာဘက်စက်ဝိုင်း ၁၂ နာရီ အနေ အထားရှိ ○ အမှတ်အသားမှာ နှစ်ကြိမ်ပါရှိရာ အခြေ အနေပေးပါက ထည့်သွင်းရေးဆွဲရမည်။ အခြေအနေ ပေး–မပေး သိနိုင်ရန် A မှ E အထိ အက္ခရာစဉ်တပ် ထားသော ပုံများတွင် ○ အမှတ်အသား ပါ–မပါကို လေ့လာရသည်။ ဤတွင် မည်သည့်ပုံတွင်မျှ ○ အမှတ်အသား မပါသည်ကို တွေ့ရှိရပါမည်။ သို့ ကြောင့် ယင်းအမှတ်အသားကို အတွင်းစက်ဝိုင်းတွင် ထည့်သွင်းရေးဆွဲရန် မဖြစ်နိုင်ပေရာ ချန်ထားခဲ့ရ ပါမည်။ (စည်းကမ်းချက် ၂)

၃။ အပေါ်တန်း ဝဲဘက်စက်ဝိုင်း ၃ နာရီ နှင့် ၆ နာရီ အ နေအထားများရှိ ○ အမှတ်အသားမှာ သုံးကြိမ်သုံးခါ ပါရှိသောကြောင့် အတွင်းစက်ဝိုင်းတွင် ထည့်သွင်း ရေးဆွဲ ရမည်။ (စည်းကမ်းချက် ၃ အရ)

၄။ ဤပုစ္ဆာတွင် လေးကြိမ်အထိပါရှိသော အမျိုးအစားတူ၊ အရွယ်အစားတူ၊ အရောင်အသွေးတူ၊ အနေအထား တူ အမှတ်အသား မရှိပါ။

အချုပ်ဆိုရသော် လိုအပ်နေသော စက်ဝိုင်းတွင် ဗဟိုနှင့် ၉ နာရီ အနေအထားတို့မှာ ● အမှတ်အသား တစ်ခုစီ၊ ၁၂ နာရီ၊ ၃ နာရီနှင့် ၆ နာရီ အနေအထားတို့မှာ O အမှတ်အသား တစ်ခုစီနှင့် ၃ နာရီနှင့် ၆ နာရီတို့အကြား • အမှတ်အသား တစ်ခု ပါရှိရပါမည်။ ယင်းမှာ ပုံ A ဖြစ်၏။

၁၀။ ပုံ E

ပုံ A ကို ၉၀° လှည့်သော် ပုံ D ကို ရသဖြင့် ယင်းတို့မှာ တစ်တွဲ ဖြစ်၏။

အလားတူ ပုံ B နှင့် ပုံ F တို့မှာ တစ်တွဲ၊ ပုံ C နှင့် ပုံ G တို့မှာ တစ်တွဲ ဖြစ်ကြ၏။

သို့ကြောင့် ပုံ E သည် အတွဲမရှိ တစ်မူထူးပုံ ဖြစ်၏။

၁၁။ ပုံ D

အတန်းအလိုက်ဖြစ်စေ၊ ကော်လံအလိုက်ဖြစ်စေ ပထမနှင့် ဒုတိယ ဆဋ္ဌဂံပုံ ၂ ပုံစလုံးတွင် ပါရှိသည့် အမျိုးအစားတူ၊ အရွယ်အစားတူ၊ အရောင်အသွေးတူ၊ အနေအထားတူ အမှတ်အသား များကို ချန်လှပ်ပြီး ကျန်အမှတ်အသားများကို စုစည်းသော် တတိယ ဆဋ္ဌဂံပုံကို ရရှိ၏။

သို့ဖြစ်ရာ တတိယကော်လံ အပေါ်ဆုံးပုံ (1Z) နှင့် အလယ်ပုံ (2Z) တို့ ၂ ခုစလုံး၏ ဗဟိုရှိ • အမှတ်အသားကို ချန်လှပ်ပြီး ကျန်အမှတ်အသားများကို စုစည်းသော် ပုံ D ကို ရပါမည်။

အလားတူ တတိယအတန်း ပထမပုံ (1X) နှင့် ဒုတိယပုံ (2X) တို့ ၂ ခုစလုံး၏ ဗဟိုရှိ • အမှတ်အသားကို ချန်လှပ်ပြီး ကျန်အမှတ်အသားများကို စုစည်းလျှင်လည်း ပုံ D ကိုပင် ရပါမည်။

http://www.cherrythitsar.org


၁၂။ ပထမစက်ဝိုင်း S, ဒုတိယစက်ဝိုင်း N နှင့် တတိယစက်ဝိုင်း D

ပထမစက်ဝိုင်းတွင် S မှအပ ကျန်စာလုံးများကို မျဉ်းဖြောင့်များဖြင့် ရေးရသည်။

ဒုတိယစက်ဝိုင်းတွင် N မှအပ ကျန်စာလုံးများကို မျဉ်းကောက်များဖြင့် ရေးရသည်။

ပထမစက်ဝိုင်းတွင် D မှအပ ကျန်စာလုံးများကို မျဉ်းဖြောင့်များဖြင့်သာ ရေးရသည်။

၁၃။ တတိယစက်ဝိုင်း

ပထမစက်ဝိုင်းတွင် ကိန်း ၂ လုံးစီကို တည်ကိန်းနှင့် အပြတ်စားနိုင်သော စားခြေအဖြစ် အောက်ပါအတိုင်း အတွဲ ၃ တွဲ တွဲနိုင်သည်။

၅၂ နှင့် ၁၃

၁၁၅ နှင့် ၂၃

၃၇၀ နှင့် ၃၇

အလားတူ ဒုတိယစက်ဝိုင်းတွင် . . .

၁၃၆ နှင့် ၁၇

၁၁၂ နှင့် ၁၆

၈၈ နှင့် ၂၂

တတိယစက်ဝိုင်းတွင်မူ . . .

၆၀ နှင့် ၁၅

၁၄၄ နှင့် ၂၄ တို့ကို တစ်တွဲစီ တွဲနိုင်သော်လည်း ၉၀ နှင့် ၁၉ ကို မတွဲနိုင်ပါ။

၁၄။ ဦးသြဘာသ

http://www.cherrythitsar.org



ဦးသြဘာသသည် ရဟန်းပညာရှိ စာဆိုတော် ဖြစ်သည်။ ကျန်ပုဂ္ဂိုလ်တို့မှာ လူဝတ်ကြောင် စာဆိုတော်များ ဖြစ်ကြသည်။

၁၅။ ဖား၊ ဖား၊ ငါး၊ ငါး။
"ဖားနိုင်ဖားစား၊ ငါးနိုင်ငါးစား"

၁၆။ ပုံ D


ကျန်ပုံများတွင် အမည်းစက်နှင့် အဖြူစတုဂံသည် မြားဦးနှင့်အမြီးပိုင်းတို့တွင် ရှိကြသည်။ ပုံ D တွင်မူ အဖြူစက်နှင့် အဖြူစတုဂံတို့ ဖြစ်နေကြသည်။

၁၇။ ၀.၈၇၅

$$၀.၅ = \frac{၁}{၂} \qquad ၀.၈၆၁ = \frac{၂}{၃} \qquad ၀.၇၅ = \frac{၃}{၄}$$

$$၀.၈ = \frac{၄}{၅} \qquad ၀.၈၃၈ = \frac{၅}{၆}$$


ပေးထားသော ဒသမကိန်းများကို အထက်တွင် ဖော်ပြထားသလို အပိုင်းကိန်းများဖွဲ့သော် ပိုင်းဝေသည် ၁ ဖြင့် စပြီး တစ်ကြိမ်လျှင် ၁ တိုးသွားသောကိန်းစဉ် ဖြစ်သည်ကို အောက်ပါအတိုင်း တွေ့မြင်နိုင်၏။



http://www.cherrythitsar.org



ပိုင်းခြေမှာမူ ၂ ဖြင့်စပြီး တစ်ကြိမ်လျှင် ၁ တိုးသွားသော ကိန်းစဉ် ဖြစ်သည်။




သို့ဆိုလျှင် ဆဋ္ဌမမြောက်ပိုင်းဝေနှင့် ပိုင်းခြေတို့မှာ ၆ နှင့် ၇ ဖြစ်ကြရပါမည်။ ထို့ကြောင့် ဆဋ္ဌမမြောက်ကိန်းမှာ . . .

$$\frac{၆}{၇} = \textbf{၀.၈၅၇}$$ ဖြစ်၏။

၁၈။ $-၃၇\frac{၁}{၂}$

$$၃ - (၆ \times ၇) + (၆ \div ၄) = x$$

$$၃ - ၄၂ + ၁\frac{၁}{၂} = x$$

$$-၃၇\frac{၁}{၂} = x$$

၁၉။ ဒိုင်ခွက် B

ဒိုင်ခွက် B မှအပ ကျန်ဒိုင်ခွက်များတွင် နာရီလက်တံများက ညွှန်ပြနေကြသော ကိန်း ၂ လုံး၏ ပေါင်းလဒ်များမှာ နှစ်ထပ်ကိန်းများ (square numbers ) ဖြစ်ကြသည်။

ဒိုင်ခွက် A . . . ၁၀ + ၆ = ၁၆ . . . ( $၄^{၂}$ )

ဒိုင်ခွက် C . . . ၁ + ၃ = ၄ . . . ( $၂^{၂}$ )

ဒိုင်ခွက် D . . . ၂ + ၇ = ၉ . . . ( $၃^{၂}$ )

ဒိုင်ခွက် B . . . ၃ + ၅ = ၈ . . . ( နှစ်ထပ်ကိန်း မဟုတ်ပါ။)

http://www.cherrythitsar.org





၂၀။ ၀.၀၂၀

$$၀.၀၁၀ \times ၂၀၀\% = ၀.၀၁၀ \times \frac{၂၀၀}{၁၀၀}$$

$$= ၀.၀၁၀ \times ၂$$

$$= \mathbf{၀.၀၂၀}$$

၂၁။ ပုံ E

ကန့်လန့်ဖြတ်မျဉ်း ၂ ကြောင်းအနက် တစ်ကြောင်းက clockwise တစ်ထောင့်ပြီးတစ်ထောင့် ရွေ့သွားသည်။ ကျန်တစ်ကြောင်းက anti-clockwise တစ်ထောင့်ပြီးတစ်ထောင့် ရွေ့သွားသည်။

သို့ကြောင့် အပေါ်တန်း တတိယပုံမှ ဖြတ်မျဉ်း ၂ ကြောင်းသည် အထက်တွင် ဖော်ပြထားသလို ဆက်လက်ရွေ့သွားသော် နောက်ဆက်တွဲပုံ ဖြစ်သည့် **E** ကို ရပါမည်။

၂၂။ ၈၁

ရှေ့ကိန်း၏ $\frac{၁}{၃}$ = နောက်ကိန်း

ရှေ့ကိန်း = ၃ × နောက်ကိန်း

စတုတ္ထကိန်း = ၃ × ပဉ္စမကိန်း

= ၃ × ၃

= ၉

တတိယကိန်း = ၃ × ၉ = ၂၇

ဒုတိယကိန်း = ၃ × ၂၇ = **၈၁**

http://www.cherrythitsar.org



၂၃။ ၂

ထိုသို့သောပုစ္ဆာမျိုးကို ဖြေရှင်းရာမှာ အလွယ်ဆုံးနည်းလမ်းသည် ပုစ္ဆာမှ ပေးထားချက်များကို အတန်း ၃ တန်း၊ ကော်လံ ၃ ခု ပါရှိသော မက်ထရစ်ဇယား (3 x 3 matrix) ၏ သက်ဆိုင်ရာ အကွက်များတွင် ဦးစွာဖြည့်သွင်းပြီး အောက်ပါအတိုင်း အဆင့်ဆင့် တွက်ချက်ခြင်း ဖြစ်သည်။ ပုစ္ဆာအရ . . .

စုစုပေါင်းတက်ရောက်သူ = ၃၂

စုစုပေါင်းလုပ်ငန်းရှင် = ၂၄

စုစုပေါင်းအမျိုးသမီး = ၁၂

လုပ်ငန်းရှင်အမျိုးသမီး = ၆

ယင်းတို့ကို သက်ဆိုင်ရာ အကွက်များတွင် ဤသို့ ထည့်သွင်းရ၏။

a, b, c, d တို့မှာ ပေးထားချက်များမှ တိုက်ရိုက်တွက်ယူနိုင်သော အချက်အလက်များ ဖြစ်ကြပြီး ? မှာ လိုအပ်နေသော အဖြေ ဖြစ်၏။

| | လုပ်ငန်းရှင် | ပညာရှင် |
|---|---|---|
| အမျိုးသမီး | ၆ | a |
| အမျိုးသား | b | ? |
| စုစုပေါင်း | ၂၄ | d |

အထက်ပါဇယားမှ . . .

a = ၁၂ – ၆ = ၆

b = ၂၄ – ၆ = ၁၈

c = ၃၂ – ၁၂ = ၂၀

d = ၃၂ – ၂၄ = ၈

ယင်းတို့ကို သက်ဆိုင်ရာ အကွက်များမှာ ဖြည့်သွင်းသော်

| | လုပ်ငန်းရှင် | ပညာရှင် |
|---|---|---|
| အမျိုးသမီး | ၆ | ၆ |
| အမျိုးသား | ၁၈ | ? |
| စုစုပေါင်း | ၂၄ | ၈ |

သို့ဆိုလျှင် စုစုပေါင်း ပညာရှင် (၈) မှ အမျိုးသမီးပညာရှင် (၆) ကို နုတ်သော် အမျိုးသားပညာရှင် (၂) ကို ရရှိ၏။

? = ၈ – ၆ = ၂

အလားတူ စုစုပေါင်း အမျိုးသား (၂၀) မှ အမျိုးသားလုပ်ငန်းရှင် (၁၈) ကို နုတ်လျှင်လည်း အမျိုးသားပညာရှင် (၂) ကို ရရှိနိုင်၏။

? = ၂၀ – ၁၈ = ၂

၂၄။ 2, 4, 1, 3

Turn on the computer and monitor, key in your password and ensure you have entered the word-processing software. Open a file. Input the relevant data, carry out a spell-check and print the document. Name and save the file to an appropriate floppy disk and exit the program.

၂၅။ ၁၂၀°

ပေးထားသောပုံမှာ အနားလည်းညီ၊ ထောင့်လည်းညီသော ဆဋ္ဌဂံ ( regular hexagon ) တစ်ခု ဖြစ်သည်။

အနားလည်းညီ၊ ထောင့်လည်းညီသည့် အနားအရေအတွက် n ပါရှိသော ဗဟုဂံ ( regular polygon ) တစ်ခု၏ အတွင်းထောင့် တစ်ခုသည် . . .

$$\frac{(၂n - ၄)\,၉၀^\circ}{n}$$ ဖြစ်၏။

ဆဋ္ဌဂံ၏ အနားအရေအတွက်မှာ ၆ ဖြစ်သောကြောင့် အတွင်းထောင့် တစ်ခုသည် . . .

$$\frac{(၂\times ၆ - ၄)\,၉၀^\circ}{၆} = \frac{(၁၂ - ၄)\,၉၀^\circ}{၆}$$

$$\frac{(၈)\,၉၀^\circ}{၆} = ၈ \times ၁၅^\circ$$

$$= \mathbf{၁၂၀^\circ}$$ ဖြစ်၏။

၂၆။ MEAN

MEAN (adjective) = STINGY
MEAN (noun) = AVERAGE

၂၇။ ပုံ B

ပုံ A မှ အမည်းအမှတ်အသားများကို အဖြူ၊ အဖြူအမှတ်အသားများကို အမည်း အပြန်အလှန် အရောင်ပြောင်းလိုက်သောအခါ ပုံ Dကို ရရှိသဖြင့် ပုံ A နှင့် ပုံ D တို့မှာ တစ်တွဲ ဖြစ်၏။

အလားတူ ပုံ C မှ အမည်းအမှတ်အသားများကို အဖြူ၊ အဖြူအမှတ်အသားများကို အမည်း အပြန်အလှန် အရောင်ပြောင်းလိုက်သောအခါ ပုံ Eကို ရရှိသဖြင့် ပုံ C နှင့် ပုံ E တို့မှာ တစ်တွဲ ဖြစ်၏။

သို့ဖြစ်လျှင် ပုံ B မှာ အတွဲမရှိ တစ်မူထူး၏။

http://www.cherrythitsar.org



၂၈။ INVENT

တေးဂီတ ( music )ကို သီကုံးရေးစပ် ( compose )သည်။ သီကုံးရေးစပ်သည်ဟုဆိုလျှင် အသစ်အဆန်း တီထွင်သည့်သဘောရှိသည်။ သို့ကြောင့် ကိရိယာ တန်ဆာပလာ ( device )ကို တီထွင် (invent ) ရမည်။

၂၉။ တစ်ချိုကွယ် တစ်မယ်မေ့

၃၀။ ၄

အနားတစ်ဖက်လျှင် ကိန်း ၅ လုံးစီ ပါရှိသော သုံးနားညီ တြိဂံပုံ ဖြစ်သည်။ သို့ကြောင့် အနားအသီးသီးရှိ ကိန်းများ၏ ပေါင်းလဒ်တို့မှာ တူညီရပါမည်။

၅ + ၂ + ၇ + ၄ + ၈ = ၂၆

၅ + ၈ + ၃ + ၁ + ၉ = ၂၆

၉ + ၃ + ၂ + ? + ၈ = ၂၆

? = ၂၆ −၂၂ = **၄**

၃၁။ ပုံ C

အပေါ်တန်း ဝဲဘက်တြိဂံ၏ ထိပ်ထောင့်နှင့် ယာဘက်အခြေထောင့်တို့ကို ခေါက်ချိုးသော် ယာဘက်ပုံကို ရ၏။

ထို့အတူ အလယ်တန်းမှ တြိဂံ၏ထိပ်ထောင့်နှင့် ယာဘက်အခြေထောင့်တို့ကို ခေါက်ချိုးသော် ပုံ C ကို ရမည် ဖြစ်၏။

၃၂။ ပုံ B

အမည်းစက်သည် ကော်လံတစ်ခုမှတစ်ခုသို့ကန့်လန့်ဖြတ် တစ်ကွက်ချင်း ဆင်းသွားသည်။ ထို့အပြင် မူလအမည်းစက်ပါသောပုံသည် နောက်တစ်ကော်လံတွင် အထက်အောက် ပြောင်းပြန်

ဖြစ်သွား၏။

သို့ကြောင့် နောက်ဆုံးကော်လံမှ အမည်းစက်သည် ဒိုင်းပုံအတွင်းသို့ ရောက်သွားရပါမည်။ မူလအမည်းစက်ပါခဲ့သော ဓောက်ထိုးဖြစ်နေသည့် တြိဂံသည် မတ်တပ်ဖြစ်သွားရမည်။

ထိုအချက်များနှင့် ညီညွတ်သောပုံမှာ B ဖြစ်၏။

၃၃။ ဖိလစ်ပိုင်

ဖော်ပြထားသော နိုင်ငံများအနက် ဖိလစ်ပိုင်သည် တစ်ခုတည်းသော ကျွန်းနိုင်ငံ ဖြစ်၏။

၃၄။ ပုံ ၃

ပုံ ၃ မှအပ ကျန်ပုံများတွင် မြားဦး သို့မဟုတ် လက်ညှိုးတို့က ပုံအသီးသီး၏ အတိုဆုံးအနားကို ညွှန်ပြနေကြသည်။

၃၅။ ၂၁

ကျန်ကိန်းများကို ၁ း ၃ အဖြစ် နှစ်လုံးတစ်တွဲ အောက်ပါအတိုင်း တွဲနိုင်၏။

၁၅ း ၄၅
၉ း ၂၇
၈ း ၂၄
၁၈ း ၅၄

၃၆။ စူးစူးစိုက်စိုက်

၃၇။ ၇

အစိတ်တစ်စိတ်ရှိ ကိန်း ၂ လုံး၏ ပေါင်းလဒ်သည် မျက်နှာ

http://www.cherrythitsar.org



ချင်းဆိုင် အစိတ်ရှိ ကိန်း ၂ လုံး၏ ပေါင်းလဒ်နှင့် တူညီသည်။

ဥပမာ . . .

အပေါ်ဆုံးအစိတ် . . . ၉ + ၆ = ၁၅

မျက်နှာချင်းဆိုင် အောက်ဆုံးအစိတ် . . . ၁၀ + ၅ = ၁၅

သို့ဖြစ်လျှင် . . .

? + ၂ = ၄ + ၅

? = ၉ − ၂ = **၇**

၃၈။ ၁.၅ မိနစ်

ရေပူပိုက်၏ ၁ မိနစ် ဖြည့်အား = ကန်၏ $\frac{၁}{၃}$

ရေအေးပိုက်၏ ၁ မိနစ် ဖြည့်အား = ကန်၏ $\frac{၁}{၂}$

ရေထွက်ပေါက်၏ ၁ မိနစ် ထုတ်အား = ကန်၏ $\frac{၁}{၆}$

သို့ကြောင့် ၁ မိနစ်တွင် ပြည့်မည့်ရေမှာ ကန်၏

$$\frac{၁}{၃} + \frac{၁}{၂} - \frac{၁}{၆} = \frac{၂ + ၃ - ၁}{၆}$$

$$= \frac{၄}{၆} = \frac{၂}{၃}$$

ကန်၏ $\frac{၂}{၃}$ ရေပြည့်အောင် . . . ၁ မိနစ် ကြာသည်။

ထို့ကြောင့် ၁ ကန်လုံးပြည့်အောင် ကြာမည့်အချိန် = $\frac{၃}{၂}$ မိနစ်


**= ၁.၅ မိနစ်**

http://www.cherrythitsar.org



၃၉။ ၂၉

ပထမကိန်းမှ ၁ နှုတ်သော် ဒုတိယကိန်းကို ရသည်။ ဒုတိယကိန်းမှာ ၉ ပေါင်းသော် တတိယကိန်းကို ရ၏။ ဤသို့ ၁ နှင့် ၉ တို့ကို တစ်လှည့်စီ နှုတ်လိုက်ပေါင်းလိုက် လုပ်ခြင်းဖြင့် လိုအပ်နေသောကိန်းကို ရနိုင်၏။




၄၀။ ပုံ C

အပေါ်တန်း ဝဲဘက်ပုံ၏ အောက်ခြေရှိ စက်ဝိုင်းအတွင်း မှန်ကူကွက်ကို မှန်ကူအတွင်းစက်ဝိုင်းအဖြစ် ပုံပြောင်းပြီး ၉၀° လှည့်ကာ အပေါ်သို့ နေရာရွှေ့လိုက်ပါ။ ထို့နောက် အပေါ်ထိပ်မှ ဓောက်ထိုးတြိဂံကို အထက်အောက်လှန်ပြီး အောက်သို့ နေရာရွှေ့လိုက်လျှင် ယာဘက်ပုံကို ရမည်။

အလားတူ ဒုတိယအတန်းမှ မှန်ကူကွက်အတွင်းဘဲဥပုံကို ဘဲဥပုံအတွင်းမှန်ကူကွက်အဖြစ် ပုံပြောင်းလိုက်ကာ ၉၀° လှည့်ပြီး အပေါ်နေရာသို့ ရွှေ့လိုက်ပါ။ ထို့နောက် စတုရန်းပုံကို အထက်အောက်လှန်ကာ အောက်သို့ရွှေ့လိုက်လျှင် ပုံ C ကို ရပါမည်။ ယင်း မှာ လိုအပ်နေသောပုံ ဖြစ်၏။

# ဉာဏ်စမ်းလွှာ (၄)
# အဖြေနှင့် ရှင်းလင်းချက်များ

၁။ ပုံ D

စက်ဝိုင်းကြီးက anti-clockwise တစ်ကွက်ချင်း ရွေ့သွားပြီး ယင်း၏ အမည်းစက်ဝိုင်းစိတ်က clockwise လည်နေ၏။

စက်ဝိုင်းငယ်ကမူ clockwise တစ်ကွက်ချင်း ရွေ့သွားပြီး ယင်း၏ အမည်းစက်ဝိုင်းစိတ်သည် anti-clockwise ၏။

သို့ဆိုလျှင် အမေးလက္ခဏာစက်ဝိုင်းကြီးနှင့် ကပ်လျက်ရှိသော ညာဘက်စက်ဝိုင်းကြီးသည် အမေးလက္ခဏာနေရာသို့ ရောက်လာပါမည်။ ထိုသို့ရောက်လာသောအခါ ယင်း၏ ၆ နာရီနှင့် ၉နာရီကြားရှိ အမည်းစက်ဝိုင်းစိတ်သည် ၉ နာရီနှင့် ၁၂ နာရီကြား အနေအထားသို့ ရောက်သွားရပါမည်။

ထို့အတူ အမေးလက္ခဏာစက်ဝိုင်းငယ်နှင့် ကပ်လျက်ရှိသော ညာဘက်စက်ဝိုင်းငယ်သည် အမေးလက္ခဏာနေရာသို့ ရောက်လာရပါမည်။ ထိုသို့ရောက်လာသောအခါ ယင်း၏ ၉ နာရီနှင့် ၁၂ နာရီကြားမှ အမည်းစက်ဝိုင်းစိတ်သည် ၆ နာရီနှင့် ၉ နာရီကြား အနေအထားသို့ ရောက်သွားရပါမည်။

ဖော်ပြပါအချက်များအရ ပုံ D မှာလိုအပ်သောအဖြေ ဖြစ်၏။

http://www.cherrythitsar.org



၂။ ပုံ ၃

အတန်းလိုက်ဖြစ်စေ၊ ကော်လံလိုက်ဖြစ်စေ ပထမနှင့် ဒုတိယစက်ဝိုင်းတို့အပေါ် အခြေခံပြီး တတိယစက်ဝိုင်းကို ရေးဆွဲထား၏။ ထိုသို့ရေးဆွဲရာမှာ ပထမနှင့် ဒုတိယစက်ဝိုင်း ၂ ခုစလုံးတွင်ပါရှိသည့် အနေအထားတူ၊ အရောင်တူ အစက်များကိုသာ ယူပြီး အမည်းစက်ကို အဖြူ၊ အဖြူစက်ကို အမည်း အရောင်ပြောင်းကာ တတိယစက်ဝိုင်းမှာ ထည့်သွင်းရေးဆွဲ၏။

သို့ဖြစ်ရာ တတိယအတန်း စက်ဝိုင်း ၂ ဝိုင်းစလုံးတွင် ပါရှိသော အမှတ်အသားဖြစ်သည့် ၉ နာရီအနေအထားမှ အဖြူစက်ကို အမည်းစက်အဖြစ် အရောင်ပြောင်းလိုက်လျှင် လိုအပ်နေသော အဖြေကို ရပါမည်။ ယင်းမှာ ပုံ ၃ ဖြစ်၏။

၃။ ၂၅

(၂၅ × ၃၄) – (၃၃ × ၂၅) = ၂၅ (၃၄ – ၃၃)

= ၂၅ × ၁ = **၂၅**

၄။ ၁၀ နှစ်

ကျော်မင်းခန့်၏အသက် = x ဖြစ်သည်ဟု ဆိုကြပါစို့။

သို့ဆိုလျှင် . . . စည်သူ၏အသက် = ၂x

အာကာ၏အသက် = ၂x + ၂

၃ ယောက်ပေါင်းအသက် = ပျမ်းမျှအသက် × ၃

x + ၂x +၂x + ၂ = ၉ × ၃

၅x + ၂ = ၂၇

၅x = ၂၇ – ၂ = ၂၅

x= ၅

ထို့ကြောင့် စည်သူ၏အသက် = ၂ × ၅ = **၁၀ နှစ်**

http://www.cherrythitsar.org



၅။ ပုံ D

အပေါ်တန်း မှန်ကူကွက် ၂ ခုစလုံးတွင် ပါရှိသော နေရာတူ၊ အရောင်တူ အမှတ်အသားများကိုသာ ယူလျှင် တတိယ မှန်ကူကွက်ကို ရ၏။

ထို့ကြောင့် ဒုတိယအတန်း မှန်ကူကွက် ၂ ခုစလုံးတွင် ပါရှိသည့် ၃ နာရီအနေအထားမှ အဖြူစက်ကိုသာ ယူလျှင် ပုံ D ကို ရပါမည်။ ယင်းမှာ လိုအပ်သောအဖြေ ဖြစ်၏။

၆။ ၀.၅%

$$\frac{၄၅}{၉၀၀၀} \times ၁၀၀ = ၀.၅\%$$

၇။ ပုံ C

အဝိုင်း၊ ဘဲဥပုံနှင့် ကြိုဂံတို့ကို မူလအစီအစဉ်အတိုင်း ဒုတိယအကျော့ပြန်စီထားသည်။ ထိုသို့စီရာတွင် အလျားလိုက်ဖြတ်မျဉ်းများကို ဒေါင်လိုက်ဖြတ်မျဉ်းများအဖြစ် ပြောင်းထား၏။ ထို့ကြောင့် ပုံ **C** မှာ လိုအပ်နေသော အဖြေ ဖြစ်၏။

၈။ ပုံ C


 = +၁

 = –၁ အဖြစ် သတ်မှတ်ပြီး . . .

အတန်းလိုက် ပထမနှင့်ဒုတိယအကွက်တို့၏ ပေါင်းလဒ်က တတိယအကွက်ရှိ နာရီအမျိုးအစားနှင့် အရေအတွက်ကို ဖော်ပြသည်။ ဥပမာ . . .

http://www.cherrythitsar.org



အပေါ်တန်း ပထမအကွက်နှင့် ဒုတိယအကွက်တို့၏ ပေါင်းလဒ်မှာ (+၃ −၂ = +၁) ဖြစ်ရာ၊ ယင်းတို့၏ ပေါင်းလဒ် +၁ က တတိယအကွက်မှာ  ရှိမည်ဖြစ်ကြောင်းကို ဖော်ပြ၏။

သို့ဆိုလျှင် တတိယတန်းမှ ပထမနှင့် ဒုတိယအကွက်တို့၏ ပေါင်းလဒ်မှာ (+ ၃ − ၃ = ၀) ဖြစ်သောကြောင့် တတိယအကွက်မှာ ဗလာ ဖြစ်ရပါမည်။ ယင်းမှာ ပုံ **C** ဖြစ်၏။




၉။ တိတ်တိတ်နေ ထောင်တန်

၁၀။ D

တြိဂံပုံ အဆင့်ဆင့်စီထားသော စက်ဝိုင်းများအနက် အတန်းတစ်တန်းမှ စက်ဝိုင်းနှစ်ဝိုင်းကို အခြေ (base) စက်ဝိုင်းများအဖြစ်လည်းကောင်း၊ ယင်းစက်ဝိုင်း နှစ်ဝိုင်းစလုံးနှင့်ကပ်လျက် အပေါ်တန်းမှ စက်ဝိုင်းတစ်ဝိုင်းကို အထွတ် (apex) စက်ဝိုင်းအဖြစ်လည်းကောင်း သုံးပွင့်ဆိုင် ဖွဲ့စည်းပြီး လေ့လာအဖြေရှာရသည်။

ထိုသို့လေ့လာပါက အခြေစက်ဝိုင်းများမှ နေရာတူ၊ အမျိုးအစားတူ၊ အရွယ်အစားတူ၊ အရောင်အသွေးတူ အမှတ်အသားတို့ကိုသာ အထွတ်စက်ဝိုင်းတွင် ထည့်သွင်းထားသည်ကို အောက်တွင် ဖော်ပြထားသလိုတွေ့ရပါမည်။




http://www.cherrythitsar.org







ထို့ကြောင့် ဒုတိယအတန်းစက်ဝိုင်း ၂ ဝိုင်းစလုံးတွင် ပါရှိသည့် inner စက်ဝိုင်းနှင့် ဗဟိုရှိ အမည်းစက်တို့ကိုကို ပေါင်းစပ်သော် ပုံ**D** ကို ရပါမည်။




[မှတ်ချက်။ ။ဉာဏ်စမ်းလွှာ(၂) မေးခွန်း(၆)နှင့် နှိုင်းယှဉ်လေ့လာပါ။ တူမယောင်ယောင်နှင့် ကွဲလွဲသည့်သဘောကို တွေ့မြင်နိုင်၏။]

၁၁။ 


ကိန်းတစ်လုံးမှ နောက်တစ်လုံးသို့ ၃, ၄, ၅ တိုးသွားသော ကိန်းစဉ် ဖြစ်သောကြောင့် ဖြည့်ရမည့်ကိန်းမှာ ၁၆ ဖြစ်၏။




ထို့အတူ . . .

F သည် C ၏နောက် ၃ လုံးမြောက်၊ J သည် F ၏နောက် ၄ လုံးမြောက်စာလုံးတို့ ဖြစ်ကြရာ၊ J ၏နောက် ၅ လုံးမြောက်စာလုံး ဖြစ်သော **O** သည် ဖြည့်ရမည့်စာလုံး ဖြစ်၏။

http://www.cherrythitsar.org


၁၂။ ပုံ C

ပုံ C မှအပ ကျန်ပုံများတွင် စက်ဝိုင်းများကို ဖြတ်သွားသည့် မျဉ်းဖြောင့်စုစုပေါင်း ၃ ကြောင်းစီ ရှိကြသည်။ ပုံ Cတွင်မူ ၂ ကြောင်းသာ ရှိသည်။

၄

၁၃။ ၁၅၀

စက်ဝိုင်းအတွင်းရှိ ကိန်းတစ်လုံးကို ၂ ဖြင့် မြှောက်ပြီး ရလဒ်မှာ ၂ ပေါင်းသော် စက်ဝိုင်းအတွင်းရှိ အခြားကိန်းတစ်လုံးကို ရသည်။

(၃၈ × ၂) + ၂ = ၇၈

(၃၉ × ၂) + ၂ = ၈၀

(၅၈ × ၂) + ၂ = ၁၁၈

(၇၄ × ၂) + ၂ = **၁၅၀**

၁၄။ ၂၀

ပုံမှန်အံစာတုံး တစ်တုံး၏ မျက်နှာစာတစ်ခုနှင့် ကျောဘက်ရှိ အပွင့်အရေအတွက် စုစုပေါင်းမှာ အမြဲတမ်း ၇ ဖြစ်၏။

ပထမ အံစာတုံး မျက်နှာစာအပွင့် ၁ ဖြစ်ရာ ကျောဘက် အပွင့် ၆ ဖြစ်၏။

ဒုတိယ အံစာတုံး မျက်နှာစာအပွင့် ၂ ဖြစ်ရာ ကျောဘက် အပွင့် ၅ ဖြစ်၏။

တတိယ အံစာတုံး မျက်နှာစာအပွင့် ၅ ဖြစ်ရာ ကျောဘက် အပွင့် ၂ ဖြစ်၏။

စတုတ္ထ အံစာတုံး မျက်နှာစာအပွင့် ၄ ဖြစ်ရာ ကျောဘက် အပွင့် ၃ ဖြစ်၏။

ပဥ္စမ အံစာတုံး မျက်နှာစာအပွင့် ၃ ဖြစ်ရာ ကျောဘက်အပွင့် ၄ ဖြစ်၏။

ထို့ကြောင့် အံစာတုံးများ၏ ကျောဘက်ရှိ စုစုပေါင်း အပွင့်အရေအတွက်မှာ . . .

၆ + ၅ + ၂ + ၃ + ၄ = ၂၀



၁၅။ ပုံ A

အမည်းစက်သည် တစ်ပုံမှတစ်ပုံသို့ anti-clockwise တစ်ကွက်ပြီးနောက် နှစ်ကွက် အဆင့်ဆင့်ရွှေ့သွား၏

စက်ဝိုင်းဖြူကလည်း အမည်းစက်နည်းတူ ရွှေ့သွား၏။ သို့သော် clockwise ဖြစ်၏။

ထို့ကြောင့် တတိယပုံမှ အမည်းစက်ကို anti-clockwise သုံးကွက်၊ စက်ဝိုင်းဖြူကို clockwise သုံးကွက်စီ ရွှေ့သော် ပုံ **A** ကို ရပါမည်။

၁၆။ ဒီဇိုင်း ၃

ဒီဇိုင်းတစ်ခုချင်းမှ ရေပိုက်အဝ (စက်ဝိုင်း) ဧရိယာ အကြီးဆုံးမှာ ရေသွင်းအား အများဆုံး ဖြစ်သည်။ (ရေစုပ်စက်အကြောင်း ဖော်ပြထားခြင်း မရှိသဖြင့် ရေစုပ်အား၊ ရေတင်အားကို ထည့်သွင်းစဉ်းစားခြင်း မပြုပါ။)

စက်ဝိုင်း၏ ဧရိယာ = $\pi \times$ (အချင်းဝက်)$^{၂}$

ဒီဇိုင်း ၁ ရေပိုက်အဝ ဧရိယာ = $\pi \times$ (၄)$^{၂}$ = ၁၆$\pi$

ဒီဇိုင်း ၂ ရေပိုက်အဝ ဧရိယာ = $\pi \times$ (၂)$^{၂}$ × ၃ = ၁၂$\pi$


ဒီဇိုင်း ၃ ရေပိုက်အဝ ဧရိယာ = $\pi \times$ (၃)$^{၂}$ × ၂ = ၁၈$\pi$

http://www.cherrythitsar.org





၁၇။ B, C, D, E




၁၈။ ပုံ ၃

အမှတ်အသား ၄ မျိုးကို အတွဲလိုက် စီထားသည်။ **?** ပြထားသော အလျားလိုက်အတွဲမှာရော ဒေါင်လိုက်အတွဲမှာပါ ✿ **b** နှင့် **E** တို့ပါဝင်ပြီးဖြစ်၍ အမှတ်အသား ✧ ကို ထပ်ဖြည့်ရပါမည်။

၁၉။ ၁၆၁

ဝဲဘက်ကိန်း၏ ရှေ့ဂဏန်းနှစ်လုံးနှင့် နောက်ဂဏန်းနှစ်လုံး တို့ကို ပေါင်းလျှင် ယာဘက်ကိန်းကို ရသည်။

၇၄၆၁ မှ . . . ၇၄ + ၆၁ = ၁၃၅ သို့ကြောင့်

၆၈၉၃ မှ . . . ၆၈ + ၉၃ = **၁၆၁**

၂၀။ ၁၈%

ရာခိုင်နှုန်း၏ ရာခိုင်နှုန်း ဉာဏ်စမ်းပုစ္ဆာ ဖြစ်သည်။

စုစုပေါင်းစာအုပ်၏ ၆၀% မှာ အခန့်ချုပ် ဖြစ်ပြီး၊ အခန့်ချုပ်၏ ၃၀% မှာ စီမံခန့်ခွဲမှုပညာရပ်စာအုပ်များ ဖြစ်သောကြောင့် စီမံခန့် ခွဲမှုပညာရပ်စာအုပ်များသည် စုစုပေါင်း၏ . . .

၆၀% ၏ ၃၀% = ၀.၆ × ၀.၃ = ၀.၁၈

= ၁၈%


http://www.cherrythitsar.org



၂၁။ ပုံ C

ပုံ **C** မှာ အစတစ်စသာ ရှိသည်။ ကျန်ပုံများတွင် အစနှစ်စစီ ရှိကြသည်။

၂၂။ ၂၇




B မှ ဂဏန်းနှစ်လုံးကို ပေါင်းသော် A ကိုရသည်။

၉ + ၃ = ၁၂

A မှ ဂဏန်းနှစ်လုံးကို ပေါင်းသော် C ကိုရသည်။

၁ + ၂ = ၃

B မှ ဂဏန်းနှစ်လုံးကို မြှောက်သော် D ကိုရသည်။

၉ × ၃ = **၂၇**

D မှ ဂဏန်းနှစ်လုံးကို မြှောက်သော် E ကိုရသည်။


၂ × ၇ = ၁၄

၂၃။ ၃၀

နောက်ကိန်းနှင့် ရှေ့ကိန်းတို့၏ ခြားနားချက်များ ၂ တိုးသွားသောကိန်းစဉ် ဖြစ်သည်။

http://www.cherrythitsar.org








၂၄။ SWEET

BITTER = ခါးသော

SWEET = ချိုသော

SWEETHEART = ချစ်သူ

၂၅။ ပုံ ၂

ပုံ ၂ မှာ မူရင်းပုံနှင့် နေရာတူ၊ အမျိုးအစားတူ အမှတ်အသား ၃ ခု (., +, × ) (အများဆုံး) ပါရှိသည်။

၂၆။ ပုံ B

အတန်းလိုက်ဖြစ်စေ၊ ကော်လံအလိုက်ဖြစ်စေ ပထမနှင့် ဒုတိယ ၂ ပုံစလုံးမှာ ပါရှိသော အနေအထားတူ ထောင့်ဖြတ်မျဉ်းများကို ချန်လှပ်ပြီး ကျန်ဖြတ်မျဉ်းများဖြင့် တတိယပုံကို ရေးဆွဲသည်။

အောက်ဆုံးအတန်းကို ကြည့်သော် အပေါ်ညာထောင့်မှ အောက်ဘယ်ထောင့်သို့ ဆင်းသွားသော တစ်ဝက်တစ်ပျက် ကန့်လန့်ဖြတ်မျဉ်းသည် ၂ ပုံစလုံးတွင် ပါရှိသည့်အတွက် ယင်းတို့ကို ချန်ထားပြီး ကျန်ဖြတ်မျဉ်း ၂ ကြောင်းကို ပေါင်းစပ်သော် ပုံ B ကို ရပါမည်။

http://www.cherrythitsar.org



၂၇။ ၅

အခြေရှိ ဘယ်အစွန်ကိန်းနှင့် အလယ်ကိန်းတို့၏ မြှောက်လဒ်မှ အလယ်ကိန်းကိုနုတ်သော် ရလဒ်၏ ဆယ်ဂဏန်းသည် အပေါ်ထိပ်ကိန်း ဖြစ်ပြီး ခုဂဏန်းသည် ညာအစွန်ကိန်း ဖြစ်၏။

(၇ × ၄) − ၄ = ၂၄

(၃ × ၉) − ၉ = ၁၈

(၆ × ၉) − ၉ = ၄၅

၂၈။ LAND = ၉၁

စကားလုံးများကို ရေးသားရာတွင် အသုံးပြုရသော မျဉ်းဖြောင့်အရေအတွက်ကို ဆယ်ဂဏန်း၊ မျဉ်းကောက်အရေအတွက်ကို ခုဂဏန်းအဖြစ် ထားရှိသည့်ကိန်းများ ဖြစ်ကြသည်။

LAND ကို ရေးသားရာမှာ မျဉ်းဖြောင့် ၉ ကြောင်းနှင့် မျဉ်းကောက် ၁ ကြောင်းတို့ကို အသုံးပြုရသဖြင့် အဖြေမှာ **၉၁** ဖြစ်၏။

၂၉။ သရ (vowel) တစ်စု၊ ဗျည်း (consonant) တစ်စု သီးခြားဖြစ်နေသည်။ ဗျည်းများအကြား သရတို့ကို ထည့်သွင်းပေါင်းစပ်ဖတ်ရှုသော် အောက်ပါ message ကို ရပါမည်။

**There are many opportunities in the computer industry.**

၃၀။ E


မူရင်းပုံမှာ အမည်းစက်တစ်စက်သည် စက်ဝိုင်းတစ်ခု၏ ဗဟိုမှာရှိပြီး အခြားအမည်းစက်တစ်စက်မှာ စက်ဝိုင်းနှင့် ဘဲဥပုံတို့၏ ဘုံနယ်မြေအတွင်းမှာ ရှိနေသည်။

သို့ကြောင့် ပုံ E မှ စက်ဝိုင်းနှင့် ဘဲဥပုံတို့၏ ဘုံနယ်မြေ

အတွင်း အမည်းစက်ကို ဖြည့်လိုက်လျှင် မူရင်းပုံနှင့် အနီးစပ်ဆုံး တူညီသွားပါမည်။

၃၁။ ၁ နှင့် ၈၁

ပေးထားသောကိန်းများမှာ နှစ်ထပ်ကိန်းများ* (square numbers) ဖြစ်ကြပြီး ယင်းတို့၏ ကိန်းရင်းများမှာ ၂ တိုးသွားသော ကိန်းစဉ် ဖြစ်သည်။




[*နှစ်ထပ်ကိန်းဆိုသည်မှာ နှစ်ထပ်ကိန်းရင်းအဖြစ် ကိန်းပြည့် (whole number) ရနိုင်သည့် ၁, ၄, ၉, ၁၆, ၂၅ ကဲ့သို့သော ကိန်းများကို ဆိုလိုပါသည်။]

၃၂။ ပုံ C

ပုံ C တွင် ကျန်ပုံများနှင့်မတူ တစ်မူထူးစွာ ⊙ ၏နေရာမှာ ◎ ရှိနေပြီး ◎ နေရာမှာ ⊙ ရှိနေသည်။

၃၃။ (၂× ၁၀၀) + (၁၆× ၁၀) + ၆ = ၃၆၆

ကျန်ကိန်းတန်းတို့ကို ရှင်းသော် ရလဒ်မှာ ၃၇၆ အသီးသီး ဖြစ်ကြသည်။

http://www.cherrythitsar.org





၃၄။ M

A နှင့်မျက်နှာချင်းဆိုင် K တို့ကို မျဉ်းဖြောင့် ၃ ကြောင်းစီဖြင့် ရေးရသည်။

T နှင့်မျက်နှာချင်းဆိုင် V တို့ကို မျဉ်းဖြောင့် ၂ ကြောင်းစီဖြင့် ရေးရသည်။

သို့ဖြစ်လျှင် W ကို မျဉ်းဖြောင့် ၄ ကြောင်းဖြင့် ရေးရသဖြင့် ယင်းနှင့်မျက်နှာချင်းဆိုင် စာလုံးမှာလည်း မျဉ်းဖြောင့် ၄ ကြောင်းဖြင့် ရေးရသောစာလုံး ဖြစ်ရမည်။ ယင်းမှာ **M** ဖြစ်၏။

၃၅။ ၁

အတန်းတစ်တန်းလျှင် ဂဏန်း ၇ လုံးပါရှိသောကိန်းများ အဖြစ်သတ်မှတ်ပြီး၊ ပထမအတန်းနှင့် တတိယအတန်းတို့ကို ပေါင်းသော် ရလဒ်သည် ဒုတိယအတန်းရှိကိန်းဖြစ်၏။

| |
|---:|
| ၅၃၈၄၉၆၈ |
| +၃၂၇၆၈၇၃ |
| ၈၆၆၁၈၄**၁** |

၃၆။ 3E

၃၇။ ၁၀× ၁၀× ၁၀× ၁၀× ၁၀

၁၀× ၁၀× ၁၀× ၁၀× ၁၀ = ၁၀$^{၅}$

၃၈။ လေ

ကုန်သည်လေ

လေညွှန်တံ

၃၉။ နွား

နွားမှအပ ကျန်သတ္တဝါများမှာ ဘို့ မရှိပါ။

၄၀။ ပုံ ၅

ပုံ ၁ ကို clockwise လှည့်သော် ပုံ ၃ ကို ရသဖြင့် ပုံ ၁ နှင့် ၃ တို့မှာ တစ်တွဲ ဖြစ်၏။

ပုံ ၂ ကို anti-clockwise လှည့်သော် ပုံ ၄ ကို ရသဖြင့် ပုံ ၄ နှင့် ၃ တို့မှာ တစ်တွဲ ဖြစ်၏။

သို့ကြောင့် ပုံ ၅ မှာ အတွဲမရှိ တစ်မူထူးသောပုံ ဖြစ်၏။

## ဉာဏ်စမ်းလွှာ (၅)
## အဖြေနှင့် ရှင်းလင်းချက်များ

၁။ ဂြိုဟ်တု O

မြေပြင်ဆက်သွယ်ရေးစခန်းတို့၏ သင်္ကေတ C နှင့် S တို့ကို မျဉ်းကောက်များဖြင့်သာ ရေးသားရသည်။

ဂြိုဟ်တု ၄ လုံးအနက် ဂြိုဟ်တု D, E နှင့် M တို့၏ သင်္ကေတများကို မျဉ်းဖြောင့် သို့မဟုတ် မျဉ်းဖြောင့်နှင့် မျဉ်းကောက် ရောနှောအသုံးပြု ရေးသားရသည်။

မျဉ်းကောက်တစ်မျိုးတည်းဖြင့် သင်္ကေတ ရေးသားရသည့် ဂြိုဟ်တုမှာ O တစ်လုံးတည်းသာ ရှိသည်။ ထို့ကြောင့် **O** သည် မြေပြင်ဆက်သွယ်ရေးစခန်း ၂ ခုစလုံးနှင့် ချိတ်ဆက်ထားသော ဂြိုဟ်တု ဖြစ်၏။

၂။ ပုံ E

အပေါ်တန်း ဝဲဘက်ပုံကို ၉၀° clockwise လှည့်ပြီး အောက်ပိုင်းကို ဖြတ်လိုက်ကာ စက်ဝိုင်းမည်းကို စက်ဝိုင်းဖြူအဖြစ် အရောင်ပြောင်းလျှင် ယာဘက်ပုံကို ရသည်။

http://www.cherrythitsar.org



ထိုနည်းတူစွာ ဒုတိယအတန်း ဝဲဘက်ပုံကို ၉၀° clockwise လှည့်ပြီး အောက်ပိုင်းကို ဖြတ်လိုက်ကာ စတုရန်းမည်းကို စတုရန်းဖြူအဖြစ် အရောင်ပြောင်းလျှင် ပုံ **E** ကို ရမည်။

၃။ ၁၀

ကြယ်ပွင့်အတွင်းရှိ စာလုံးများကို ရေးသားရာမှာ အသုံးပြုရသော စုစုပေါင်းမျဉ်းဖြောင့် အရေအတွက်သည် ကြယ်ပွင့်ဗဟိုရှိကိန်းဖြစ်၏။ ထို့ကြောင့် . . .

W = မျဉ်းဖြောင့် ၄ ကြောင်း

I = မျဉ်းဖြောင့် ၁ ကြောင်း

E = မျဉ်းဖြောင့် ၄ ကြောင်း

Q = မျဉ်းဖြောင့် ၁ ကြောင်း


စုစုပေါင်းမျဉ်းဖြောင့် **၁၀** ကြောင်း ရှိသဖြင့် ဖြည့်ရမည့်ကိန်းမှာ ၁၀ ဖြစ်၏။

၄။ တနင်္လာ

တနင်္ဂနွေမှ တနင်္လာ ရက်ဆက်၊ တနင်္လာမှစပြီး ၁ ရက်ခြား၊ ၂ ရက်ခြား၊ ၃ ရက်ခြား သွားခွင့်ရခဲ့သည်။ ထို့ကြောင့် ၅ ကြိမ်မြောက် သွားခွင့်ရခဲ့သော ဗုဒ္ဓဟူးနေ့မှ ၄ ရက်ခြားသော **တနင်္လာ** နေ့တွင် နောက်တစ်ကြိမ် သွားခွင့်ရမည် ဖြစ်၏။

၅။ ပုံ A

အမည်းစက်သည် တစ်ကြိမ်လျှင် ၄ ကွက် အပေါ်တက်အောက်ဆင်း ကော်လံတစ်ခုမှ တစ်ခုသို့ရွှေ့သွားသည်။ နမူနာ လမ်းကြောင်းတစ်ခုကို ပူးတွဲဖော်ပြထားပါသည်။



၆။ ၅

| | | | | |
|---|---|---|---|---|
| ၂၅ | ၁၃ | ၁၀ | ၁ | |
| ၈ | ၂၄ | ၁၁ | ၁၂ | |
| ၁၉ | ၆ | ၂၁ | ၇ | |
| ၉ | ၁၅ | ၅ | ၁၈ | |
| ၁၄ | ၂၀ | ၂၂ | ၁၆ | |

မေးခွန်းတွင် ၁ ကွက်အကွာ၊ ၂ ကွက်အကွာဟု ဖော်ပြထားသော်လည်း direction ကို ဖော်ပြထားခြင်း မရှိပါ။ သို့ပါ၍ အထက်၊ အောက်၊ ဘယ်၊ ညာ ဖြစ်နိုင်သလို၊ ကန့်လန့်ဖြတ်လည်း ဖြစ်နိုင်သည်ကို သတိပြုပါ။

http://www.cherrythitsar.org



၇။ ELATE

ကျန်စကားလုံးများ၏ စာလုံးများကို နေရာရွှေ့ပြောင်းခြင်းဖြင့် စကားလုံးသစ် (anagram) တစ်လုံးစီ အောက်တွင်ဖော်ပြထားသလို ရရှိနိုင်သည်။

ORGAN . . . GROAN

GLEAN . . . ANGLE

HORSE . . . SHORE

DANCE . . . CANED

EAGER . . . AGREE

ENDOW . . . OWNED

ELATE မှာ anagram မရှိပါ။

၈။ ၁၄

ပုံများကို ရေးဆွဲရာမှာ အသုံးပြုရသော စုစုပေါင်းမျဉ်းကြောင်း အရေအတွက်မှ ပုံတစ်ပုံချင်းကို ရေးဆွဲရာမှာ အသုံးပြုရသောမျဉ်းကြောင်း အရေအတွက်ကို နုတ်သော် ယင်းပုံအတွင်းရှိကိန်းကို ရသည်။

ဆဋ္ဌဂံ မျဉ်းအရေအတွက် . . . ၆
စက်ဝိုင်း မျဉ်းအရေအတွက် . . . ၁
တြိဂံ မျဉ်းအရေအတွက် . . . ၃
စတုဂံ မျဉ်းအရေအတွက် . . . ၄
စတုရန်း မျဉ်းအရေအတွက် . . . ၄

စုစုပေါင်း အရေအတွက် . . . ၁၈
(–)စတုရန်း မျဉ်းအရေအတွက် . . . ၄

= ဖြည့်ရမည့်ကိန်း . . . . . . . . . . **၁၄**

၉။ $၇၅^{၁၀}$

$$၇၅^{၃} \times ၇၅^{၇} = ၇၅^{၃+၇}$$

$$= ၇၅^{၁၀}$$

၁၀။ ပုံ A



၁၁။ L

အောက်ပါအတိုင်း အကွက်များကို အမှတ်စဉ် ရေးထိုးပြီး အဖြေရှာနိုင်ပါသည်။

| | | | |
|---|---|---|---|
| 1<br>C | 3<br>H | 5<br>Q | 7<br>D |
| 2<br>E | 4<br>L | 6<br>W | ? |

အကွက် ၁, C မှ ၁ လုံးခြားစာလုံးမှာ E ဖြစ်သည်။
အကွက် ၂, E မှ ၂ လုံးခြားစာလုံးမှာ H ဖြစ်သည်။
အကွက် ၃, H မှ ၃ လုံးခြားစာလုံးမှာ L ဖြစ်သည်။
အကွက် ၄, L မှ ၄ လုံးခြားစာလုံးမှာ Q ဖြစ်သည်။
အကွက် ၅, Q မှ ၅ လုံးခြားစာလုံးမှာ W ဖြစ်သည်။
အကွက် ၆, W မှ ၆လုံးခြားစာလုံးမှာ D ဖြစ်သည်။ (ပတ်လည် ရေတွက်ထားခြင်း ဖြစ်သည်။)
သို့ဆိုလျှင် အကွက် ၇, D မှ ၇ လုံးခြားစာလုံးဖြစ်သော L မှာ လိုအပ်နေသောစာလုံး ဖြစ်သည်။

၁၂။ ပုံ A

စက်ဝိုင်းအသေး ၃ ခုက အကြီး ၁ ခု ဖြစ်သွားသည်။ တြိဂံ အကြီးက အသေး ဖြစ်သွားပြီး ၁၈၀° လည်သွားကာ ၃ ခု (စက်ဝိုင်း အသေး အရေအတွက် ရှိသလောက်) ပွားသွားသည်။ ထိုစက်ဝိုင်းနှင့် တြိဂံများကို စုစည်းလိုက်သောအခါ အပေါ်တန်း ယာဘက်ပုံကို ရသည်။

ထို့ကြောင့် မှန်ကူကွက် အသေး ၂ ခုကို အကြီး ၁ ခု အဖြစ် အသွင်ပြောင်းလိုက်ပါ။ ထိပ်ပိုင်းပြတ်နေသော ဘဲဥပုံကို အသေးဖြစ် အောင် ချုံ့လိုက်ပြီး ၁၈၀° လှည့်ကာ ၂ ပုံ ပွားပါ။ ယင်းတို့ကို မှန် ကူကွက်အတွင်း ထည့်သွင်းလိုက်လျှင် ပုံ **A** ကို ရပါမည်။ ယင်းမှာ လိုအပ်နေသောအဖြေ ဖြစ်၏။

၁၃။ ယကွင်း

ယကွင်းမှာ ငါးဖမ်းကိရိယာ ဖြစ်သည်။ ကျန်ရှိသည်တို့မှာ တူရိယာပစ္စည်းများ ဖြစ်ကြသည်။

၁၄။ ပုံ C

မူရင်းပုံမှာ အချင်းချင်း ဖြတ်နေကြသော စက်ဝိုင်း ၂ ခု၏ ဘုံနယ်မြေအတွင်း အမည်းစက်ရှိသည်။ ထို့ကြောင့် ပုံ **C** တွင် တစ်ခု နှင့်တစ်ခု ထပ်နေကြသော စက်ဝိုင်း ၂ ခု၏ ဘုံနယ်မြေအတွင်းမှာ အမည်းစက်ကို ဖြည့်စွက်လိုက်လျှင် ထိုပုံသည် မူရင်းပုံနှင့် အနီးစပ် ဆုံး တူလာပါမည်။

၁၅။ စက်ဝိုင်း D

ပထမနှင့် ဒုတိယ စက်ဝိုင်းတို့၏ ဆက်စပ်မှုမှာ ဤသို့ ဖြစ်၏။

B မှ နောက်ပြန် ၁ လုံး ဆုတ်သော် A

H မှ နောက်ပြန် ၂ လုံး ဆုတ်သော် F

T မှ နောက်ပြန် ၂ လုံး ဆုတ်သော် R အသီးသီး ဖြစ်ကြ၏။

သို့ကြောင့် တတိယစက်ဝိုင်း၏ . . .

K မှ နောက်ပြန် ၁ လုံး ဆုတ်သော် J

L မှ နောက်ပြန် ၂ လုံး ဆုတ်သော် J

M မှ နောက်ပြန် ၂ လုံး ဆုတ်သော် K ဖြစ်ရာ J, J, K စာလုံးတို့ ပါရှိသော စက်ဝိုင်း **D** သည် လိုအပ်နေသောအဖြေ ဖြစ်၏။



၁၆။ ပုံ B

ပေးထားသောပုံများမှာ အံစာတုံး ၄ တုံးကို အဆင့်ဆင့် စီထားသောပုံများ ဖြစ်ကြသည်။ ထိုကဲ့သို့ အဆင့်ဆင့်စီရာမှာ စီထားပြီးပုံတို့၏ mirror image များ၊ အလျားလိုက်ပုံကို ဒေါင်လိုက်၊ ဒေါင်လိုက်ပုံကို အလျားလိုက် ပြန်စီသည့်ပုံများကို ထည့်သွင်းခြင်း မပြုလျှင် နောက်ဆုံးစီနိုင်သည့်ပုံမှာ **B** ဖြစ်၏။

၁၇။ S

ကိန်းတစ်ခုမှာ ၁ ပေါင်းသော် ရလဒ်သည် ယင်းကိန်းနှင့် မျက်နှာချင်းဆိုင်ရှိသော စာလုံး၏ alphanumeric value ဖြစ်သည်။

၈ + ၁ = ၉ (I ၏ alphanumeric value)

၁၆ + ၁ = ၁၇ (Q ၏ alphanumeric value)

၁၈ + ၁ = ၁၉ (alphanumeric value ၁၉ ရှိသောစာလုံးမှာ **S**)

၁၈။ တံဖျာ

နွားကန် (နကန်)၊ တံဖျာ၊ နှင်တံတို့၏ အဓိပ္ပာယ်မှာ ကျွဲနွားမောင်းသောတုတ် ဖြစ်သည်။

၁၉။ ပုံ B

တတိယကော်လံ အပေါ်ဆုံးပုံ (1Z)နှင့် ဒုတိယပုံ (2Z)တို့မှ စက်ဝန်းပြတ်တို့ကို ချန်လှပ်ပြီး ကျန်အမှတ်အသားတို့ကို ပေါင်းစပ်ပါက ပုံ **B** ကို ရ၏။

ထို့အပြင် အောက်ဆုံးအတန်း ပထမပုံ (3X )နှင့် ဒုတိယပုံ (3Y)တို့မှ အမှတ်အသားတို့ကို ပေါင်းစပ်လျှင်လည်း ပုံ **B** ကို ရ၏။

(စာမျက်နှာ ၁၄၉၊ အဖြေ ၁၁ တွင် အသေးစိတ် ရှင်းလင်းချက်ကို ရှု။)

၂၀။ ပုံ B

စတုဂံအကြီး၊ အလတ်၊ အငယ် ၃ ခုကို ယှဉ်တွဲရေးဆွဲထားသောပုံများ ဖြစ်ကြသည်။ ထိုသို့ရေးဆွဲရာတွင် စတုဂံအလတ်သည် တစ်ကွက်ချင်း ညာဘက်သို့ ရွှေ့သွား၏။ ထို့ကြောင့် တတိယ ပုံမှ စတုဂံအလတ်သည် ညာဘက်သို့ တစ်ကွက်ဆက်ရွှေ့လျှင် ပုံ **B** ကို ရမည်ဖြစ်၏။

၂၁။ ၁၄၂

နောက်ကိန်းနှင့် ရှေ့ကိန်းတို့၏ ခြားနားချက်များမှာ ၁၉ ၏ ၁ ဆ၊ ၂ ဆ၊ ၃ဆ စသည့် ဆတိုးကိန်းများ ဖြစ်ကြသည်။

၂၈ ၄၇ ၈၅ **၁၄၂** ၂၁၈ ၃၁၃ ၄၂၇

+၁၉ +၃၈ +၅၇ +၇၆ +၉၅ +၁၁၄

၁၉× ၁ ၁၉× ၂ ၁၉× ၃ ၁၉× ၄ ၁၉× ၅ ၁၉× ၆

http://www.cherrythitsar.org



၂၂။ ၅၅

ဤသို့သောပုစ္ဆာမျိုး၏ အဖြေကိုရှာရာမှာ တစ်ကွက်ချင်း ရေတွက်နေလျှင် အချိန်ကုန်သည်။ မျက်စိညောင်းသည်။ အဖြေမှန်ရဖို့ ခဲယဉ်းသည်။

၂၀၀၂ ခုနှစ်က ထုတ်ဝေခဲ့သော မောင်ရေအေး၏ **"အိုင်ကျူ ဉာဏ်စမ်းလွှာများ"** အပါအဝင် ထွက်ပြီးသမျှ ပြည်တွင်းပြည်ပ အိုင်ကျူ စာအုပ်တိုင်းလိုလိုမှာ ဤပုစ္ဆာမျိုးကို မေးလေ့မေးထရှိသော ဉာဏ်စမ်း အဖြစ် ထည့်သွင်းဖော်ပြတတ်ကြသည်။ ထိုစာအုပ်များက အဖြေကိုသာ ပေးလေ့ရှိကြသည်။ တွက်နည်းကိုတော့ ပေးလေ့မရှိကြပေ။

သည်တစ်ကြိမ် မောင်ရေအေးက ဟင်းစားပေးရုံမက ကွန်ချက်ကိုပါ ပြလိုက်တော့မည်။ အတန်း (row) တစ်တန်းတွင် ပါရှိသော စတုရန်းကွက် အရေအတွက်နှင့် အတန်းအရေအတွက်တို့ တူညီသောပုစ္ဆာတိုင်းမှာ ဤကွန်ချက်ကို အသုံးပြုနိုင်ပါသည်။ ကွန်ချက်မှာ . . .

စုစုပေါင်း စတုရန်းကွက် = ၁$^{၂}$ + ၂$^{၂}$ + ၃$^{၂}$ + . . . + $n^{၂}$

n = အတန်း (row) တစ်တန်းတွင် ပါရှိသော စတုရန်းကွက် အရေအတွက် (သို့မဟုတ်) အတန်းအရေအတွက်

## အထူးသတိ

အတန်း (row)တစ်တန်းတွင် ပါရှိသော **စတုရန်း**ကွက် အရေအတွက်နှင့် **အတန်း**အရေအတွက်တို့ **တူညီမှသာ** ဖော်ပြပါ ပုံသေနည်းကို အသုံးပြုနိုင်ပါသည်။

http://www.cherrythitsar.org



ဤပုစ္ဆာတွင် အတန်းတစ်တန်းမှာ စတုရန်းကွက် ၅ ကွက်ရှိပြီး၊ အတန်းပေါင်း ၅ တန်း ရှိသဖြင့် n = ၅ ဖြစ်၏။ n ၏ တန်ဖိုးကို ပုံသေနည်းမှာ အစားသွင်းသော် . . .

စုစုပေါင်း စတုရန်းကွက် $= ၁^{၂} + ၂^{၂} + ၃^{၂} + ၄^{၂} + ၅^{၂}$

စုစုပေါင်း စတုရန်းကွက် = ၁ + ၄ + ၉ + ၁၆ + ၂၅

စုစုပေါင်း စတုရန်းကွက် = **၅၅**

၂၃။ စည်သူ

ပြိုင်ပွဲဝင်တစ်ဦးချင်း၏ စုစုပေါင်းရမှတ်များကို တွက်ယူပြီး အဖြေရှာနိုင်သလို၊ ရမှတ်များကို တွက်မနေဘဲ ထိချက်အနေအထားကို နှိုင်းယှဉ်ခြင်းဖြင့်လည်း အဖြေရှာနိုင်၏။

ပြိုင်ပွဲဝင်သူတိုင်း ဗဟိုစက်ဝိုင်းအတွင်း ၁ ချက်စီထိမှန်အောင် ပစ်နိုင်ကြသဖြင့် ဤအဆင့်မှာ လက်ရည်တူ ဖြစ်နေကြသည်။

နောက်တစ်ဆင့် inner စက်ဝိုင်း ထိချက်များကို ကြည့်သော် အာကာ ၂ ချက်၊ စည်သူ ၄ ချက်၊ မင်းခန့် ၃ ချက်၊ ဇေယျာ ၁ ချက် အသီးသီး ထိမှန်အောင် ပစ်နိုင်ကြရာ၊ inner စက်ဝိုင်း ထိချက်အများဆုံးဖြင့် **စည်သူ** ပထမ ရ၏။

(ပြိုင်ပွဲဝင်သူတိုင်း စက်ကွင်းကို ထိမှန်အောင် စုစုပေါင်း ၁၀ ချက်စီပစ်နိုင်ကြသည်ကို သတိပြုပါ။)

၂၄။ ပုံ E

ပုံ A ကို clockwise အဆင့်ဆင့်လှည့်သော် ပုံ B, C, D, F နှင့် G တို့ကို ရရှိသဖြင့် ပုံ E မှာ တစ်မူထူးပုံ ဖြစ်၏။

http://www.cherrythitsar.org



၂၅။ ထောင့်မှန်တြိဂံ

ထောင့်တစ်ခုချင်း၏ ဒီဂရီကို ဤသို့တွက်ပြီး အဖြေရှာရသည်။

$$\frac{၂ \times ၁၈၀^{\circ}}{၂ + ၃ + ၅} = ၃၆^{\circ}$$

$$\frac{၃ \times ၁၈၀^{\circ}}{၂ + ၃ + ၅} = ၅၄^{\circ}$$

$$\frac{၅ \times ၁၈၀^{\circ}}{၂ + ၃ + ၅} = ၉၀^{\circ}$$

တြိဂံတစ်ခု၏ ထောင့်တစ်ခုသည် ၉၀° ရှိလျှင် ထိုတြိဂံမှာ ထောင့်မှန်တြိဂံ ဖြစ်၏။


၂၆။ EXCITING

ရှေ့စကားလုံး၏ အဆုံးသတ်စာလုံးသည် နောက်ကပ်လျက်ရှိသော စကားလုံး၏ အစစာလုံးဖြစ်သည်။

ထို့ကြောင့် ၅ လုံးမြောက်စကားလုံး YULETIDE ၏ အဆုံးသတ်စာလုံးသည် E ဖြစ်ရာ၊ ၆ လုံးမြောက်စကားလုံး၏ အစမှာ E ဖြစ်ရပါမည်။ E ဖြင့် စသောစကားလုံးမှာ **EXCITING** ဖြစ်သည်။

၂၇။ ၁ ဂဏန်းရေးသွင်းထားသော အကွက်နှင့်ကပ်လျက်ရှိသော အကွက်မှာ ၂ ဂဏန်း၊ ၂ ဂဏန်းအကွက်မှ ၁ ကွက်ခြားအကွက်မှာ ၃ ဂဏန်း၊ ၃ ဂဏန်းအကွက်မှ ၂ ကွက်ခြားအကွက်မှာ ၄ ဂဏန်း၊ ၄ ဂဏန်းအကွက်မှ ၃ ကွက်ခြားအကွက်မှာ ၅ ဂဏန်း၊ ၅ ဂဏန်းအကွက်မှ ၄ ကွက်ခြားအကွက်မှာ ၆ ဂဏန်း အဆင့်ဆင့် ရေးသွင်း

ထားရာ၊ ၉ ဂဏန်းအကွက် မှ ၈ ကွက်ခြားအကွက်မှာ ၁၀ ဂဏန်းကို အောက်တွင်ဖော်ပြထားသလို ရေးသွင်းရပါမည်။




၂၈။ ၅၉၃၅

ကျန်ကိန်းများတွင် ကိန်းတစ်ခုမှ ရှေ့ဂဏန်း ၂ လုံး၏ မြှောက်လဒ်မှာ ကျန်ဂဏန်း ၂ လုံးတွဲ ဖြစ်နေ၏။

၇၄၂၈ . . . ၇ × ၄ = ၂၈

၅၇၃၅ . . . ၅ × ၇ = ၃၅

၆၃၁၈ . . . ၆ × ၃ = ၁၈

၈၇၅၆ . . . ၈ × ၇ = ၅၆

၄၈၃၂ . . . ၄ × ၈ = ၃၂

၄၅၂၀ . . . ၄ × ၅ = ၂၀

၆၈၄၈ . . . ၆ × ၈ = ၄၈

http://www.cherrythitsar.org



၉၄၃၆ . . . ၉ × ၄ = ၃၆

၆၉၅၄ . . . ၆ × ၉ = ၅၄

၃၉၂၇ . . . ၃ × ၉ = ၂၇

၂၉၁၈ . . . ၂ × ၈ = ၁၈

**၅၉၃၅** မှာ ဤသို့သော ရှေ့ဂဏန်း ၂ လုံးနှင့် နောက်ဂဏန်း ၂ လုံးတို့၏ ဆက်စပ်မှု မရှိပါ။

၅

၂၉။ ၈

ကော်လံအလိုက် ပေါင်းလဒ်များဖြစ်သည့် ၅, ၆, ၇ တို့မှာ ၁ တိုးသွားသော ကိန်းစဉ် ဖြစ်၏။ ထို့ကြောင့် နောက်ဆုံးအကွက်မှာ ၈ ကို ဖြည့်ရမည်။

၃၀။ SOLO


| | | | | | |
|---|---|---|---|---|---|
| S | O | L | S | L | O |
| S | O | S | O | S | O |
| O | O | S | O | S | L |
| O | S | O | L | S | O |
| S | O | S | L | S | **L** |
| L | S | L | O | **O** | S |
| O | O | O | **S** | S | O |
| O | S | L | L | O | S |

http://www.cherrythitsar.org



၃၁။ ၂

ပဉ္စဂံ၏အစိတ်အပိုင်းများကို ဤသို့ အက္ခရာစဉ်ရေးထိုးပြီး အဖြေရှာရသည်။




ပဉ္စဂံ အသီးသီးတွင် . . .

B + C + E= A + D

ပထမ ပဉ္စဂံ . . . ၂ + ၁၀ + ၅ = ၉ + ၈ = ၁၇

ဒုတိယ ပဉ္စဂံ . . . ၆ + ၄ + ၂ = ၅ + ၇ = ၁၂

တတိယ ပဉ္စဂံ . . . ? + ၆ + ၁ = ၄ + ၅ = ၉

? = ၉ − ၇ = ၂

၃၂။ $၁၀^{၉}$

Giga ၏ အဓိပ္ပာယ်မှာ . . .

သန်းတစ်ထောင် (၁,၀၀၀,၀၀၀,၀၀၀) ဖြစ်သည်။

သန်းတစ်ထောင် (၁,၀၀၀,၀၀၀,၀၀၀) = $၁၀^{၉}$

၃၃။ WAREHOUSE

ကျန်စကားလုံးများတွင် **THE** ဟူသော စကားလုံးပါရှိသည်။

BLI**THE**RING
CA**THE**DRAL
PROME**THE**AN
STEMPMO**THE**R

WAREHOUSEမှာ **THE** မပါရှိပေ။

http://www.cherrythitsar.org



၃၄။ ပုံ D

ပုံ D တွင် မူရင်းပုံကဲ့သို့ပင် ကြက်ခြေခတ် အမှတ်အသား သည် စက်ဝိုင်းဖြူနှင့် စက်ဝိုင်းမည်းတို့ အကြားမှာ ရှိသည်။

၃၅။ ပုံ C

အပေါ်တန်း ပထမပုံမှ မှန်ကူကွက်တစ်ခု၏ အစွန်းကို ကျန် မှန်ကူကွက် ဗဟိုအထိ ရွှေ့လိုက်လျှင် ဒုတိယပုံကို ရမည်။ အလားတူ တတိယပုံမှ စက်ဝိုင်းတစ်ခု၏ အဝန်းကို ကျန်စက်ဝိုင်း၏ ဗဟို အရောက် ရွှေ့လိုက်လျှင် အဖြေဖြစ်သည့် ပုံ C ကို ရပါမည်။

၃၆။ **8**

ဒစ်ဂျစ်တယ်နာရီနှင့် ဂဏန်းတွက်စက်တို့မှာ တွေ့မြင်နိုင် သော ဒစ်ဂျစ်တယ်ဂဏန်းပုံစံ အတိုင်း **1** မှ **7** အထိကို အပေါ်ထိပ် မျဉ်းနှင့် အောက်ခြေမျဉ်းတို့ ဖျောက်ပြီး ရေးထားခြင်း ဖြစ်သည်။ ထို့ကြောင့် နောက်ဆက်တွဲ ဒစ်ဂျစ်တယ်ဂဏန်း **8** ကို အပေါ်ထိပ် မျဉ်းနှင့် အောက်ခြေမျဉ်းတို့ ဖျောက်ပြီး ရေးလျှင် **8** ကို ရပါမည်။

**1 2 3 4 5 6 7 8**

၃၇။ ၄၆၈၁၃၇

ဝဲဘက်ကိန်းမှ စုံဂဏန်းသန့်သန့်စုပြီး ငယ်စဉ်ကြီးငယ်လိုက် စီပါ။ မဂဏန်းကိုလည်း အလားတူ စီပါ။ ထိုသို့စီထားသော စုံဂဏန်း အုပ်စုနှင့် မဂဏန်းအုပ်စုတို့ကို ဆက်လိုက်လျှင် ယာဘက်ကိန်းကို ရပါမည်။

သို့ကြောင့် ၄၁၇၆၃၈ မှ ငယ်စဉ်ကြီးလိုက်စီထားသော စုံ ဂဏန်းများ ဖြစ်သည့် ၄၆၈ နှင့် ငယ်စဉ်ကြီးလိုက်စီထားသော မ

http://www.cherrythitsar.org



ဂဏန်းများဖြစ်သည့် ၁၃၇ တို့ကို ဆက်လိုက်လျှင် **၄၆၈၁၃၇** ကို ရ၏။

၃၈။ ပုံ C

ကျန်ပုံများတွင် တတိယစက်ဝိုင်း၏ အရောင်မှာ အမည်း ဖြစ်၏။



၃၉။ J

အက္ခရာစဉ် ၂ ခု ဖြစ်သည်။ တစ်ခုက B မှစပြီး ၃ လုံးခြား ခုန်ကျော်သွားသည်။ နောက်အက္ခရာစဉ်တစ်ခုက Z မှစပြီး ၃ လုံးခြား နောက်ပြန် ခုန်ကျော်သွားသည်။

၃ လုံးခြား ၃ လုံးခြား ၃ လုံးခြား ၃ လုံးခြား

**B** C D E **F** G H I **J** K L M **N** O P Q **R**

**J** K L M **N** O P Q **R** S T U **V** W X Y **Z**

၃ လုံးခြား ၃ လုံးခြား ၃ လုံးခြား ၃ လုံးခြား

၄၀။ ၁၇

မသိကိန်း ၃ လုံး၊ ညီမျှခြင်း ၃ ခုကို တစ်ပြိုင်နက် ရှင်းရသည့် အမေးပုစ္ဆာ ဖြစ်သည်။

လိပ် = လ

ငါးမန်း = င

ခြင်္သေ့ = ခ ဟု သတ်မှတ်ပြီး ဇယားကို ကော်လံအလိုက် ဖတ်သော် . . .

http://www.cherrythitsar.org



၂လ + င = ၁၁ . . . (၁)

၂င + ခ = ၁၉ . . . (၂)

၂ခ + လ = ၂၁ . . . (၃)

ညီမျှခြင်း (၁) အရ င = ၁၁ − ၂လ . . . (၄)

ညီမျှခြင်း (၂) အရ ခ = ၁၉ − ၂င . . . (၅)

ညီမျှခြင်း (၃) အရ လ = ၂၁ − ၂ခ . . . (၆)

ညီမျှခြင်း (၄) နှင့် (၆) အရ င = ၁၁ − ၂ (၂၁ − ၂ခ)

= ၁၁ − ၄၂ + ၄ခ

= − ၃၁ + ၄ခ . . . (၇)

ညီမျှခြင်း (၅) နှင့် (၇) အရ ခ = ၁၉ − ၂ (−၃၁ + ၄ခ)

ခ = ၁၉ + ၆၂ − ၈ခ

ခ + ၈ခ = ၈၁

၉ခ = ၈၁

ခ = ၉

'ခ' ၏တန်ဖိုးကို ညီမျှခြင်း (၆)မှာ အစားသွင်းသော် . . .

လ = ၂၁ − ၂ × ၉ = ၂၁ − ၁၈

လ = ၃

'လ' ၏တန်ဖိုးကို ညီမျှခြင်း (၄)မှာ အစားသွင်းသော် . . .

င = ၁၁ − ၂ × ၃ = ၁၁ − ၅

င = ၆

http://www.cherrythitsar.org



ဤဉာဏ်စမ်း၏ အဓိကအမေး ဖြစ်သော နောက်ဆုံးကော်လံ မှာ . . .

? = လ + င + ခ ဖြစ်၏။

၅ အထက်ပါညီမျှခြင်းတွင် သက်ဆိုင်ရာ တန်ဖိုးတို့ကို အစား သွင်းသော် . . .

? = ၃ + ၅ + ၉
= ၁၇

တစ်ပြိုင်နက် ညီမျှခြင်းများကို ဖြေရှင်းရာမှာ အသုံးပြုနိုင် သည့်တွက်နည်း အမျိုးမျိုး ရှိ၏။ မေးခွန်း၏ သဘော သဘာဝအရ စာရေးသူအနေဖြင့် အလွယ်ဆုံး၊ အရှင်းဆုံး ဖြစ်သည်ဟု ယူဆသော နည်းကို ဖော်ပြထားခြင်း ဖြစ်သည်။

http://www.cherrythitsar.org



# အကိုးအကား

1. ARCO. **GMAT CAT.** Delhi,DOYL SaaB. 2000.

2. Carter, P.& Russell, K, **The Little Giant Encyclopedia of IQ Tests.** New York, Stering Publishing Co., Inc. 2000.

3. Colton, D. **Daily Mail Mindbender Puzzels, Vol. 2.** London, Headline Book Publishing. 2001.

4. Colton, D. **Daily Mail Mindbender Puzzels, Vol. 3.** London, Headline Book Publishing. 2001.

5. Rai, A. **Intelligence Tests.** New Delhi, Sterling Publishers. 2001.

6. Russell, K. & Carter, P. **Test Your IQ.** New Delhi, Kogan Page. 2000.

7. The Times Testing Series. **Test Your IQ, Vol.1.** (CD-ROM)

8. The Times Testing Series. **Brain Teasers, Vol.1.**(CD-ROM)

9. Virtual Knowledge. **Boost Your IQ.** (CD-ROM)

http://www.cherrythitsar.org

- အလုပ် / သင်တန်းဝင်ခွင့်အတွက် IQ Test ဖြေရမယ်ဆိုရင် ကြိုတင်ပြင်ဆင်လေ့ကျင့်ဖို့ . . .

- ဉာဏ်ရည်အဆင့် အနိမ့်အမြင့် တိုင်းတာဖို့ . . .

- နားနားနေနေ အပန်းဖြေရင်း ဉာဏ်ရည်သွေးဖို့ . . .

# ဇတ်ပြိုင်အိုင်ကျူ

မောင်ရေအေး (ဟားဗတ်တက္ကသိုလ်)